# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ခင်းကျင်းပြသထားသော ကျောက်စိမ်းတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ *ဖတ် စ ရာ***


**မန္တလေးတောင် မှသည် တက်သေး အင်းဆီသို့** — ဆောင်းပါး | စာ - ၁၀



**အမေရိကန်၌ အရန်ထားရှိသည့် ရေနံစည်ပေါင်း သန်းနှင့်ချီ၍ ရောင်းချပေးတော့မည်** — နိုင်ငံတကာသတင်း | စာ - ၁၃

**တိုင်းရင်းငါးမျိုးစိတ်များ မပပျောက်စေရေး ဝိုင်းဝန်းထိန်းသိမ်းပေး** — ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

# သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံကောင်းများ ရှိထားသည်။ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများက နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်း ပါဝင်မှီခိုနေကြရသည့် အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် မည်သည့်အခါမျှ စားနပ်ရိက္ခာပြတ်လပ်မှုမရှိ။ သို့ရာတွင် ကုန်ကြမ်းထုတ်ရောင်းသည့် အဆင့်၌သာရှိပြီး ကုန်ချောထုတ်လုပ်နိုင်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အားကောင်းမောင်းသန်မရှိခြင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ကုန်ထုတ်လုပ်မှုထက် ကုန်သွယ်မှုလုပ်ငန်းများကိုသာ ပိုမိုလုပ်ကိုင်ကြခြင်း စသည်တို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ နှေးကွေးနေရသည်။

ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခဲ့ခြင်းမရှိဘဲ သွင်းကုန်ကို အဓိကထားခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေပြမှု ဖြစ်ပေါ်ခဲ့ရသည်။ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းရာတွင် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကိုပါ တင်သွင်းခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ထိခိုက်စေနိုင်ပြီး ရေရှည်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုအတွက် အဓိကအရေးပါသည့် MSME လုပ်ငန်းများကို အားနည်းချည့်နဲ့သွားစေနိုင်သည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဆုံးရှုံးစေနိုင်သည်။ ပြည်တွင်း၌လိုအပ်သည့် ကုန်ပစ္စည်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများတင်သွင်းမှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊ သွင်းကုန်အစားထိုးကုန်ပစ္စည်းများကို အရည်အသွေးကောင်းမွန်စွာ ပြည်တွင်း၌ထုတ်လုပ်နိုင်ရန် အားပေးဆောင်ရွက်ခြင်းတို့ ပြုလုပ်သွားကြရမည်ဖြစ်သည်။ ပြည်တွင်းမှာ ထွက်ရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသီးနှံကုန်ကြမ်းများ၊ သစ်တောထွက်ကုန်ကြမ်းများ၊ သဘာဝသယံဇာတ ကုန်ကြမ်းများကို အသုံးပြု၍ အမယ်ပေါင်းမြောက်မြားလှစွာသော လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသောက်ကုန်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စက်မှုကုန်ချောများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ စသည်တို့ကို နိုင်ငံတကာအရည်အသွေးမီထုတ်လုပ်နိုင်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ပြီးခဲ့သည့်ရက်အတွင်း မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် "ပြည်တွင်းကုန်ထုတ်လုပ်မှုကို လုံလောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအား မျှတလာမည်ဖြစ်သဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းလိုအပ်သည့် ကုန်ပစ္စည်းများ ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရန်လိုကြောင်း၊ ပြည်ပအစားထိုးသွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ပြည်တွင်းလိုအပ်ချက်အရ အိမ်နီးချင်းနိုင်ငံများအပါအဝင် ပြည်ပမှတင်သွင်းနေရသည့် သွင်းကုန်ပစ္စည်းအများအပြားမှာ ပြည်တွင်းမှ ကုန်ကြမ်းများနှင့် ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သည့် ပစ္စည်းများဖြစ်ရာ အရည်အသွေးကောင်းကောင်း၊ အဆင့်မီမီ ထုတ်လုပ်ကာ ပြည်တွင်း၌လည်းသုံးစွဲ ပြည်ပသို့လည်းတင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်နိုင်ပါစေကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၁၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ စသည်တို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းရာတွင် မြောက်ဦးခရိုင်၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေးနှင့် ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းက မင်းပြားမြို့ ရတနာ့ဗိမာန် ဘုန်းတော်ကြီး ကျောင်းတိုက် ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့်ပဲများကို သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများတွင် သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများကို ဆက်ကပ်ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **ကိုထွန်း**

# စတုတ္ထအကြိမ်မြောက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်ရှိ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**



စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအောက်ရှိ နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး (4th Joint Working Group Meeting on Cross-border Economic Cooperation under Mekong-Lancang Cooperation-4th JWG-CBEC)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ယနေ့ နံနက် ၁၁ နာရီခွဲတွင် Virtual စနစ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃)၌ လက်ခံကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထိန်လင်းက အစည်းအဝေးဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Yu Xiang က အစည်းအဝေး ပူးတွဲဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေး၌ မဲခေါင်-လန်ချန်း နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဖြစ်ပေါ်တိုးတက်မှုများ၊ မဲခေါင်-လန်ချန်း နိုင်ငံများအကြား စက်မှုလုပ်ငန်းများနှင့် တန်ဖိုးချိတ်ဆက်ကူးပြောင်းမှုဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်-လန်ချန်း နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ (၅) နှစ်စီမံကိန်း (မူကြမ်း) အပေါ် သဘောထားအမြင်များ ဖလှယ်ခဲ့ကြပြီး မဲခေါင်-လန်ချန်းဒေသ နိုင်ငံများအကြား ဒေသန္တရ အစိုးရများအနေဖြင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ် စုစုပေါင်း ၄၃ ဦးနှင့် မြန်မာနိုင်ငံဘက်မှ မဲခေါင်-လန်ချန်း နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် ကဏ္ဍများနှင့် သက်ဆိုင်သည့် တာဝန်ခံ ဝန်ကြီးဌာနများမှ စုစုပေါင်းကိုယ်စားလှယ် ၃၀ တို့သည် online ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းပိတ်ရက်ကာလ လေ့ကျင့်ချိန်အတွင်း စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)တွင် ကျောင်းပိတ်ရက်ကာလ လေ့ကျင့်ချိန်အတွင်း ကျောင်းသားကျောင်းသူများ၏ ဉာဏ်စွမ်းရည်ပြိုင်ပွဲများဖြစ်သည့် အင်္ဂလိပ်စာစွမ်းရည် တင်ဆက်ခြင်းကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ စကားရည်လုပွဲကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း ကျောင်း၏ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက အမှာစကား ပြောကြားပြီး အင်္ဂလိပ်သီချင်းသီဆိုခြင်း၊ စကားဝိုင်း ဆွေးနွေးခြင်း၊ Talk Show တင်ဆက်ခြင်းနှင့် တစ်ဦးချင်း စွမ်းရည်ဖော်ထုတ်ပြသခြင်းစသည့် အစီအစဉ်များကို တင်ဆက်ခဲ့ကြသည်။ စကားရည်လုပွဲ အခမ်းအနားတွင် သတ်မှတ်ထားသည့် ခေါင်းစဉ်များကို အဆိုတင်သွင်းခြင်း၊ အဆိုကို ပြန်လည်ချေပခြင်းတို့ကို အဖွဲ့လိုက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ဆုရရှိသည့် အဖွဲ့များကို ဆုချီးမြှင့်ပေးသည်။ အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများတက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းမှ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး၊ အောက်တိုဘာ ၂၂ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အောက်တိုဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြစဉ်။

❍ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရတနာပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများ၊ ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုပြပွဲတွင် ပုလဲအတွဲများအတွက် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိကာ ငွေပေးချေမှုကို ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့် လည်းကောင်း ပေးချေသွားရမည်ဖြစ်သည်။ ပုလဲအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပြီး ကျောက်မျက်အတွဲများ အတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်၍ ကျောက်စိမ်းအချောထည် အတွဲများအတွက် အနိမ့်ဆုံး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်စိမ်းရိုင်းအတွဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အခြေခံဈေးမှာ ယူရို ၁၀၀၀ နှင့် ကျောက်စိမ်းအရိုင်း အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရိုငွေ ၅၀၀၀ ဖြစ်သည်။

ယနေ့ပြုလုပ်သည့် ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် အညီ ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်မျက်အတွဲနှင့် ပုလဲတွဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ထူးခြားခမ်းနားသည့် နိုင်ငံတော်အဆင့်အခမ်းအနားကြီးတစ်ခုအဖြစ် စီမံဆောင်ရွက်သွားကြရမည်

- နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးသည် မျိုးဆက်သစ် လူငယ်မောင်မယ်များအပါအဝင် မြန်မာနိုင်ငံသားများအားလုံး စဉ်ဆက်မပြတ် ထိန်းသိမ်းရန် တာဝန်ရှိသည်ဆိုသည့် ခံယူချက်၊ ယုံကြည်ချက်နှင့် စိတ်ဓာတ်များ ပေါ်ပေါက်ကိန်းဝပ်လာစေရန် ပုံဖော်ဆောင်ရွက်သွားကြရမည်
- (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားအတွက် လေ့ကျင့်ဆောင်ရွက်စဉ်နှင့် အခမ်းအနားကျင်းပစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကိုလည်း စနစ်တကျဆောင်ရွက်သွားကြရမည်

*○ ကျော်ဖုံးမှ*

အစည်းအဝေးသို့ဗဟိုကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျန်ဗဟိုကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြရမည့် ကိစ္စရပ်များ ကြိုတင်ဆောင်ရွက်နိုင်ရန် ပထမအကြိမ်အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ထူးခြားခမ်းနားသည့် နိုင်ငံတော်အဆင့် အခမ်းအနားကြီး တစ်ခုအဖြစ် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### တူညီချက်များကို လက်တွဲပူးပေါင်း

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရသည့်အချိန်မှစတင်၍ ယနေ့အချိန်အထိ အစိုးရအဆက်ဆက် ပြောင်းလဲလာသော်လည်း လွတ်လပ်ရေး ဆုံးရှုံးစဉ်ကာလတစ်လျှောက် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုများကြောင့် အယူဝါဒအရေး၊ တိုင်းရင်းသားအရေးနှင့် ဘာသာရေးအပေါ် အခြေခံသည့် မတူညီသော ခံယူချက်များနှင့် ယုံကြည်ချက်များသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့ပြီး ယနေ့တိုင် တိုင်းပြည်သည် မတည်ငြိမ်မှု၏ ဆိုးမွေများကို ခံစားနေကြရဆဲဖြစ်ကြောင်း၊ အဆိုပါ မတူညီသောခံယူချက် ယုံကြည်ချက်များအပေါ် မတူတာတွေ ဘေးဖယ်ပြီး တူညီချက်များကို လက်တွဲပူးပေါင်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူစဉ်ကာလကတည်းကပင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းလျက် NCA လက်မှတ်ရေးထိုးပြီးနှင့် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ၂၀၂၂ ခုနှစ် ဧပြီလတွင် ဖိတ်ခေါ်လျက် တစ်ဖွဲ့ချင်းစီအား ထာဝရငြိမ်းချမ်းရေးရရှိစေရေး တွေ့ဆုံဆွေးနွေးမှု စားပွဲဝိုင်း၌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လက်ခံတွေ့ဆုံ၍ မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးပေးခြင်း၊ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့များက နှစ်ဖက်လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးအဖြေရှာ ဆွေးနွေးစေလျက်ရှိသလို တစ်ဖက်၌လည်း နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးဟူသည့် အမျိုးသားရေး လုပ်ငန်းစဉ် (၂) ရပ်ကို ချမှတ်အကောင်အထည်ဖော်နိုင်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မတူညီသည့်ဝါဒအကြောင်းအရာများ အတတ်နိုင်ဆုံး နားလည်လက်ခံလာစေရန်၊ မတူညီသည်များကိုဖယ်ရှား၍ တူညီသည်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အပြင် လက်ရှိကျင့်သုံးလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဆင်ယင်ကျင်းပရာတွင်လည်း အထက်ပါ မူဝါဒများကို ဦးတည်လျက် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံ၏ လွတ်လပ်ရေးသည် အလွယ်တကူရရှိခဲ့ခြင်း၊ အလွယ်တကူရယူနိုင်ခဲ့ခြင်း မဟုတ်ကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးသည့် ကာလမှ လွတ်လပ်ရေးပြန်လည်ရယူသည့် ကာလအထိ နှစ်ပေါင်းတစ်ရာကျော်မျှ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသက်၊ သွေးနှင့် ချွေးများစွာ ရင်းနှီးပေးဆပ်ခဲ့ရကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးရန် တစ်ရက်၊ တစ်မနက်နှင့် ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးပြန်လည်ရယူနိုင်ရန် အရင်းအနှီး မြောက်မြားစွာ ရင်းနှီးပေးဆပ်ခဲ့ရကြောင်း၊ ထိုသို့လွတ်လပ်ရေးပြန်လည်ရယူရန် ကြိုးပမ်းရင်းနှီးပေးဆပ်ခဲ့ရသည်များကို မမေ့မပျောက်စေရန်နှင့် ရရှိပြီး အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲစေရန် ဦးတည်ပြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးသည် မျိုးဆက်သစ် လူငယ်မောင်မယ်များအပါအဝင် မြန်မာနိုင်ငံသားများအားလုံး စဉ်ဆက်မပြတ် ထိန်းသိမ်းရန် တာဝန်ရှိသည်ဆိုသည့် ခံယူချက်၊ ယုံကြည်ချက်နှင့် စိတ်ဓာတ်များ ပေါ်ပေါက်ကိန်းဝပ်လာစေရန် ပုံဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

> “လွတ်လပ်ရေးကာလအတွင်း လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် မတည်ငြိမ်မှုများ၊ မငြိမ်းချမ်းမှုများကြောင့် နိုင်ငံတော်အနေဖြင့် တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်များမှသည် တည်ငြိမ်အေးချမ်းမှုသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုများ ရရှိခံစားနိုင်မည့် အခြေအနေအပြင် ထိုသို့ဖြစ်ပေါ်ပြောင်းလဲလာစေရေး ယနေ့နိုင်ငံတော်ဝန်ကြီးချုပ်မှ ချမှတ်ထားသည့် အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်နှင့် ပြည်သူတစ်ရပ်လုံး လျှောက်လှမ်းပုံဖော်နေသည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကိုလည်း ပုံဖော်ကြရမည်”

### ပြည်ထောင်စုတည်ဆောက်ရေးကို ပုံဖော်ကြရမည်

အလားတူ လွတ်လပ်ရေးကာလအတွင်း လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် မတည်ငြိမ်မှုများ၊ မငြိမ်းချမ်းမှုများကြောင့် နိုင်ငံတော်အနေဖြင့် တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်များမှသည် တည်ငြိမ်အေးချမ်းမှုသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုများ ရရှိခံစားနိုင်မည့် အခြေအနေအပြင် ထိုသို့ဖြစ်ပေါ်ပြောင်းလဲလာစေရေး ယနေ့နိုင်ငံတော်ဝန်ကြီးချုပ်မှ ချမှတ်ထားသည့် အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်နှင့် ပြည်သူတစ်ရပ်လုံး လျှောက်လှမ်းပုံဖော်နေသည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ကိုလည်း ပုံဖော်ကြရမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ (၇၅ )နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက် (၅) ရပ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ အဆိုပါ အမျိုးသားရေးဦးတည်ချက် (၅) ရပ်မှာ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး၊ နိုင်ငံ့အကျိုး တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ” “ Keep Moving Forward to Achieve Our Goal ”** ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝ တည်ဆောက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေးတို့ဖြစ်ကြောင်း။

### စနစ်တကျစီမံဆောင်ရွက်သွားကြရမည်

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီကိုဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ဆက်လက်၍ လုပ်ငန်းကော်မတီနှင့် လိုအပ်သည့် ကော်မတီခွဲများဖွဲ့စည်းကာ လုပ်ငန်းများကို ယနေ့အစည်းအဝေးပြီး နောက်ပိုင်းမှစ၍ အသေးစိတ် စနစ်တကျညှိနှိုင်း စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားအတွက် လေ့ကျင့်ဆောင်ရွက်စဉ်နှင့် အခမ်းအနားကျင်းပစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကိုလည်း စနစ်တကျဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုံခြုံရေးကဏ္ဍနှင့်စပ်လျဉ်း၍ ရာနှုန်းပြည့် လုံခြုံမှုရှိစေရေးနှင့် မကျိုးပေါက်စေရေး ရှုထောင့်ပေါင်းစုံ ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားအတွက် ပါဝင်လှုပ်ရှားကြမည့် ပုဂ္ဂိုလ်များအားလုံးသည် ကြုံတောင့်ကြုံခဲဆင်နွှဲရသည့် အခမ်းအနားကြီးဖြစ်သည်နှင့်အညီ အဆိုပါ အခွင့်အရေးတွင် မိမိတို့ ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ရသည့် ပုဂ္ဂိုလ်များအဖြစ် ဂုဏ်ယူစွာခံစားနိုင်စေရေး စည်းရုံးရေး နည်းလမ်းဖြင့်သာ တာဝန်ပေးအပ်ရန်၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အစိုးရအဖွဲ့ဝင်များအနေဖြင့် ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ နောက်ဆုံးအနေဖြင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများ အားလုံးကတက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီဝင်များက စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ၊ ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်း ကော်မတီ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ၊ လွတ်လပ်ရေးနေ့ ညှော့ခံပွဲနှင့် ညစာစားပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်း ကော်မတီ၊ ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ မိန့်ခွန်းနှင့် သဝဏ်လွှာပြုစုရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှုများ၊ လုပ်ငန်းတာဝန်များ ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ အပါအဝင် ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွပ်လပ်ရေးနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူးက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွပ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း အင်းစိန်ဗဟိုအကျဉ်းထောင် ပေါက်ကွဲမှုဖြစ်စဉ်အတွင်း ထိခိုက်၊ သေဆုံးခဲ့သည့် အကျဉ်းထောင်ဝန်ထမ်းမိသားစုဝင်များအား ထောက်ပံ့ငွေ ပေးအပ်ကာ ဆေးကုသမှုခံယူနေသူများအား တွေ့ဆုံနှစ်သိမ့်အားပေးစကား ပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း အင်းစိန်ဗဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အခြေအနေအား ကြည့်ရှုစစ်ဆေး

## ပေါက်ကွဲမှုဖြစ်ပွားစဉ် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အကျဉ်းထောင်ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား နှစ်သိမ့်အားပေး

**နေပြည်တော် အောက်တိုဘာ ၁၉** နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန် ဗဟိုအကျဉ်းထောင်သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့ ရောက်ရှိစစ်ဆေးစဉ် ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ က အကြမ်းဖက်သမားများ၏ ပါဆယ်ထုပ်အတွင်း လက်လုပ်မိုင်းထည့်သွင်းကာ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်၏ ဝင်/ထွက်ဂိတ်ပေါက်ရှိ အကျဉ်းသားများအတွက် ပါဆယ်ထုပ် လက်ခံသည့် အဆောက်အဦအတွင်းနှင့် အပြင်ဘက်တို့တွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့မှုကြောင့် အကျဉ်းထောင်ဝန်ထမ်း သုံးဦးနှင့် အကျဉ်းသားများအတွက် ပါဆယ်ထုပ် လာရောက်ပေးပို့သူများဖြစ်ကြသည့် အရပ်သားပြည်သူ ငါးဦး စုစုပေါင်း ရှစ်ဦးတို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြပြီး အကျဉ်းထောင် ဝန်ထမ်း ငါးဦးနှင့် အရပ်သားပြည်သူ ၁၃ ဦး စုစုပေါင်း ၁၈ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်မှ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အခင်းဖြစ်ရပ်အခြေအနေကို အသေးစိတ် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်ဗဟိုအကျဉ်းထောင်အစည်းအဝေးခန်းမ၌ ပေါက်ကွဲမှုဖြစ်ပွားစဉ် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အကျဉ်းထောင် ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များကို တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အစည်းဝေးခန်းမ၌ အကျဉ်းထောင် တာဝန်ရှိသူများနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ အကျဉ်းထောင် ပေါက်ကွဲမှုဖြစ်စဉ်အတွင်း သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူများကို တွေ့ဆုံပြီး နှစ်သိမ့် အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေး အရေးကြီး

**နေပြည်တော် အောက်တိုဘာ ၁၉** နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း က နည်းပညာ တက္ကသိုလ်များ၏ သင်ကြားသင်ယူမှုများ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီခင်က ကွန်ပျူတာတက္ကသိုလ်များ အားလုံး၏ သင်ကြားသင်ယူမှုများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်(မကွေး) ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိုးလင်းအောင်က နေပြည်တော် နည်းပညာတက္ကသိုလ်တွင် ဆောင်ရွက်ထားရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေး၊ အခြေခံအဆောက်အဦများ၊ သင်ထောက်ကူ စက်ပစ္စည်းများ ပြည့်စုံလုံလောက်စေရေး ဖြည့်ဆည်းပေးခြင်းသည် အရေးကြီးကြောင်း၊ သင်တန်းနှင့် ကျောင်းသားရေးရာဆိုင်ရာ ကိစ္စများ ဆောင်ရွက်ရာတွင် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၌ ကျင့်သုံးဆောင်ရွက်နေသော လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်စေရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရေးနှင့် Kg+12 သင်ရိုးဖြင့် တက်ရောက်လာမည့် ကျောင်းသား ကျောင်းသူများ အတွက် သင်ရိုးညွှန်းတမ်းနှင့်အတူ Credit System စနစ် ကျင့်သုံးရန် ပြင်ဆင်ထားရေးတို့ကို မှာကြားသည်။



**သတင်းစဉ်**





တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# လက်နက် / ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**နေပြည်တော် အောက်တိုဘာ ၁၉** ဧရာဝတီတိုင်းဒေသကြီး အတွင်း လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများထံမှ လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဖမ်းဆီးရမိ လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်ဘာသာစကားသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် မြန်မာ - ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ






**နေပြည်တော် အောက်တိုဘာ ၁၉**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့အခြေစိုက် အာဆီယံ- တရုတ်ဗဟိုဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပပြုလုပ်သည့် တရုတ်ဘာသာစကားသင်တန်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် မွန်းလွဲပိုင်းတွင် မြန်မာ- ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။ **(အပေါ်ယာပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်ကာ အာဆီယံ- တရုတ်ဗဟိုဌာနနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ပွင့်လင်းရာသီမှစ၍ မြန်မာနိုင်ငံသို့ တရုတ်ဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရန် မျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အရ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအဖြစ် ခရီးသွားလုပ်ငန်းသုတေသန စီမံကိန်းနှင့် မုန့်ဖုတ်အတတ်ပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ- တရုတ်ဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူးချုပ် H. E. Mr. Shi Zhongjun က အမှာစကားပြောကြားပြီး တရုတ်နိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဧည့်လမ်းညွှန်ဆိုင်ရာ ဝန်ဆောင်မှုစံနှုန်းများ၊ တရုတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ၊ သမားရိုးကျနှင့် ဆန်းသစ်တီထွင်မှုရှိသော ခရီးသွားလုပ်ငန်း မြှင့်တင်ကြော်ငြာခြင်းနည်းလမ်းများကို ရှင်းလင်းပို့ချ ဆွေးနွေးခဲ့ကြပြီး သင်တန်းသားများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ- ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပွဲကို ဝန်ကြီးဌာန နီလာခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးသွားလုပ်ငန်းအေဂျင်စီ၊ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးဌာန အကြီးအကဲ မစ္စတာ ဒီမြန်အိုစမီးလ်ယက်၊ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ မစ္စတာအိဗ်ဂီနီ ဒီဂရီဂိုရိဖ်၊ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီယာချက်စ် လက်ဗ်ဂျီကာလ်ဂနော့ဗ်၊ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ်နာနာအမ်ဂဗီချီယာနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံရုံးမှ စီးပွားရေးဆိုင်ရာ ကောင်စစ်ဝန် မစ္စတာ အန်ဒရီဗီအူနက်ခ်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ခရီးသွားလုပ်ငန်း ဖက်ဒရယ်အေဂျင်စီ၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ အကြီးအကဲ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ တက်ရောက်လာသော နှစ်နိုင်ငံမှ ကိုယ်စားလှယ်များက နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပါဝင်သော ၅ မိနစ်စာ ဗီဒီယိုဖိုင်ကို ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ရုရှားနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက် လည်ပတ်စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစတင်ပြီး ရုရှားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့် တစ်နှစ် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား လူမှုစီးပွားအကျိုးရလဒ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာ- ရုရှား ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် စိန့်ပီတာစဘတ်မြို့၏ ခရီးစဉ်ဒေသများပါဝင်သော ဗီဒီယိုဖိုင်ကို ပြသပြီး စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ်နာနာအမ်ဂဗီချီယာက နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်လိုသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိန့်ပီတာစဘတ် အစိုးရဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်း မြို့တော်ခရီးသွားသတင်းအချက်အလက် ပြန်ကြားရေးဗျူရို၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာ အူရီဗီဘော်တာနော့ဗ်နှင့် စိန့်ပီတာစဘတ် ညီလာခံနှင့် ပြပွဲပြသခြင်းဆိုင်ရာဗျူရို၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မစ္စတာဆာဂီလ်အက်စ်အာဇရမ်နော့ဗ်တို့ က ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ ခရီးသွားပြပွဲများနှင့် အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်များအပေါ် အမြင်ခြင်းဖလှယ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့်ပတ်သက်၍ တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၉**
ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေး ကော်မရှင်နှင့် ပတ်သက်၍ တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပသည်။

အစည်းအဝေးသို့ တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံမှ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခြင်းနှင့် စုဝေးခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၈၇) နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉)တို့ကို လိုက်နာမှုအပေါ် စစ်ဆေးရန် ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၄၄)ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးက စုံစမ်းစစ်ဆေးရေးကော်မရှင် Commission of Inquiry (COI) တစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါ ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုများကို ထိရောက်စွာ ပြန်လည်တုံ့ပြန်နိုင်ရန်နှင့် ILO ၏ စွပ်စွဲချက်များကို ချေဖျက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တိကျသည့် အချက်အလက်များ တောင်းခံစုစည်းရန် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ILO မှ စုံစမ်းစစ်ဆေးရေးကော်မရှင် Commission of Inquiry (COI) ဖွဲ့စည်းမှုကို ကန့်ကွက်စာအား ဇွန် ၁၄ ရက်နှင့် ၂၉ ရက်တို့တွင် ILO ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးပို့ခဲ့ပြီး အကြိမ်(၁၁၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကာလအတွင်း ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် နိဂုံးချုပ် မှတ်ချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ကြောင်း သတင်းထုတ်ပြန်ချက်ကို ဇူလိုင် ၁ ရက်တွင် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ကြောင်း။

(၃၄၄) ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေး၊ (၃၄၅)ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးနှင့် အကြိမ်(၁၁၀)မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကာလအတွင်း ကျင်းပခဲ့သော စံနှုန်းများ လိုက်နာကျင့်သုံးမှုဆိုင်ရာ ကော်မတီအစည်းအဝေး၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ILO သို့ တုံ့ပြန်ချေပနိုင်ရန် မူကြမ်းပြုစုထားရှိမှုအပေါ် တက်ရောက်လာသူများက သက်ဆိုင်ရာ ဌာနအလိုက် ပိုမိုကောင်းမွန်သည့် အချက်အလက်များရှိပါက ပြင်ဆင်ဖြည့်စွက်နိုင်ရေး ထပ်မံဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ တုံ့ပြန်ရန်အချက်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ဆွေးနွေးပြီး တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးချက်များအပေါ် တုံ့ပြန်ရန်အချက်များကို အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**စစ်တွေ အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန်အတွက် ဝန်ထမ်းများ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၂)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းဆရာဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ဌာနဆိုင်ရာများတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများဖြစ်သော ငွေစာရင်းလုပ်ထုံးလုပ်နည်းများ၊ စာရင်းအင်းအသိပညာ၊ စီမံကိန်းရေးဆွဲခြင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲခြင်း၊ ဝန်ထမ်းများ သိသင့်သိထိုက်သည့် အသိပညာဗဟုသုတများနှင့် အခြေခံစာရင်းအင်းပြုစုရသည့် ဌာနများ၏ အချက်အလက်ဆိုင်ရာဗဟုသုတများကို သိရှိနားလည်စေရန်နှင့် စွမ်းဆောင်ရည်တိုးတက်စေရန်အတွက် ရခိုင်ပြည်အစိုးရအဖွဲ့က ကြီးမှူးပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ဘာသာရပ် ၁၈ခုကို အစိုးရဌာန၊ အဖွဲ့အစည်း ၁၆ ခုမှ သင်တန်းဆရာများက သင်ကြားပို့ချကြမည်ဖြစ်ကြောင်း၊ ဆရာအများစုသည် မိခင်ဌာနလုပ်ငန်းများနှင့် မအားလပ်သည့်ကြားက သင်ကြားပြသပေးကြမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် အထူးကြိုးစားပြီး လေ့လာသင်ကြားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို နံနက် ၈ နာရီမှ ၁၁ နာရီအထိဖြစ်ပြီး လုပ်ငန်းခွင်မပျက် ပို့ချမည့်သင်တန်းဖြစ်သည့်အတွက် သင်တန်းပြီးသောအခါ မိမိလုပ်ငန်းခွင်အလိုက် ပြန်လည်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပြည်နယ်အဆင့် သင်တန်းတစ်ခုဖြစ်သည်နှင့်အညီ သင်တန်းပြီးဆုံးချိန်တွင် အရည်အချင်းစစ်စာမေးပွဲကျင်းပပြီး ထူးချွန်သင်တန်းသားများကို ဆုများချီးမြှင့်မည်ဖြစ်သည့်အတွက်ကြောင့် သင်တန်းသားများအနေဖြင့် မိမိ၏ဂုဏ်သိက္ခာ၊ မိမိဌာန၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက် လုံ့လဝီရိယအပြည့်အဝဖြင့် ကြိုးစားကြရန် ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း ၅၀ တက်ရောက်ကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) သင်တန်းခန်းမ၌ အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ

## ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ရောင်းချပေးသွားမည်

နေပြည်တော် အောက်တိုဘာ ၁၉

**၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။**

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် ခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ရောင်းချပေးသွားမည်ဖြစ်ကာ ပုလဲအတွဲများအတွက် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး ငွေပေးချေမှုကို ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်သည်။

ထို့ပြင်မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။




မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများအား တွေ့ရစဉ်။

ယခုပြပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပုလဲအတွဲများကို အောက်တိုဘာ ၁၉ ရက်တွင် စတင်ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၀ ရက် နှင့် ၂၁ ရက်တို့တွင် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ကျောက်မျက်အတွဲများကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၂ ရက်တွင် ရောင်းချသွားမည်ကြောင်း၊ ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို လေ့လာကြည့်ရှုနေစဉ်။




မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို တွေ့ရစဉ်။

# ကလေးအလုပ်သမားကိစ္စရပ်သည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သောကြောင့် အားလုံးပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်



**မုံရွာ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၈ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ကလေးအလုပ်သမား ပပျောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် လိုက်နာ အကောင်အထည်ဖော်ရမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်း ကလေးအလုပ်သမားပပျောက်ရေးနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးအဆင့် ကော်မတီအား ပြန်လည်ပြင်ဆင် ဖွဲ့စည်းပြီးဖြစ်ရာ ဆပ်ကော်မတီ (၈) ရပ်ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း။

၂၀၂၂-၂၀၂၃ ဒုတိယခြောက်လအတွင်း ဘဏ္ဍာငွေသုံးစွဲရာတွင် ကော်မတီအသီးသီးက အသုံးစရိတ်များကို ရန်ပုံငွေကော်မတီသို့ တင်ပြသွားကြရန်၊ ပိုလျှံရန်ပုံငွေများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်တင်ပြသွားကြရန် လိုအပ်ကြောင်း၊ ကလေးအလုပ်သမား ကိစ္စရပ်သည် အလွန်ကျယ်ပြန့်သဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သောကြောင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး အားလုံးပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ဝင်များ၊ ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ကော်မတီလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ကော်မတီလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကလေးအလုပ်သမားပပျောက်ရေး ကော်မတီအဖွဲ့ဝင် စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ဗဟိုစာရင်းအင်း ဦးစီးဌာနမှ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအားလည်းကောင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား လည်းကောင်း၊ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ဥပဒေရုံးမှ ကော်မတီလုပ်ငန်းများဆောင်ရွက်ထားရှိမှုအားလည်းကောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ လုပ်ငန်းခွင်မှ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှကော်မတီ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအားလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်း ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအားလည်းကောင်း၊ ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကော်မတီလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်ကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကလေးအလုပ်သမား ပပျောက်ရေးကော်မတီလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အစည်းအဝေးသို့ တက်ရောက်လာသူများနှင့် ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

▼ ကျောဖုံးမှ

"ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ ရိုးရာအစားအစာတွေ ဖော်ထုတ်ချင်တဲ့ ဆန္ဒရယ်၊ ရန်ကုန်မြစ်ရဲ့ အလှအပတွေကိုလည်း အများပြည်သူတွေ လေ့လာလို့ရအောင် ရည်ရွယ်ပြီး လုပ်တာဖြစ်ပါတယ်။ ဒါပထမဆုံးရေပေါ်ဈေးပွဲ။ နောက်လှေဈေးလေးတွေလည်း အဲဒီရက်ကို ထည့်မယ်၊ အင်းလေးလိုမျိုး လှေဈေးတွေလည်း ပါမယ်၊ ရိုးရာလှေလေးတွေနဲ့ပြသမယ်" ဟု တော်ဝင်ချမ်းသာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါရေပေါ်ညဈေးတွင် ရိုးရာအစားအစာများနှင့် နိုင်ငံတကာ အစားအစာများ ဦးစားပေးရောင်းချခွင့်ပြုမည်ဖြစ်ပြီး လာရောက်ရောင်းချသူများသည် တိုင်းရင်းသားရိုးရာဝတ်စုံဝတ်ဆင်ပြီး ရောင်းချခွင့်ပြုမည်ဖြစ်ကာ ဖုန်း ၀၉၆၈၈၂၃၇၇၉၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ရေပေါ်ညဈေးများကို အရှေ့တောင်အာရှ နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း စသည့်နိုင်ငံတို့တွင်လည်း ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဗလစိုး**




ရန်ကုန်ရေပေါ်ညဈေးတွင် ရောင်းချမည့် ဈေးဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၁၉**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်းရှိ ရွှေမိုးတောင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့်အတူ စေတီတော်ပရိဝုဏ်နှင့် ရင်ပြင်တော် ပတ်လည်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘုရားဖူးလာသည့်သည်များ စိတ်အေးချမ်းစွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စေတီတော်ပရိဝုဏ်သန့်ရှင်းသာယာလှပရေး အမှိုက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းရန်၊ လှေကားအတက်အဆင်း လက်ရန်းများအား အသစ်ပြန်လည်ပြင်ဆင် မွမ်းမံရန်၊ မိုးရာသီအတွင်း စိုက်ပျိုးထားသည့် ပန်းအလှပင်များ စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဗလမင်းထင်တံတား အမှတ်(၂) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး **(အပေါ်ပုံ)** တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တံတားကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က တံတားအရည်အသွေးပြည့်မီရေးကို အထူးအလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ဆက်လက်ပြီးပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနား တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်အတူ တက္ကသိုလ်မိန်းဆောင်ရှေ့တွင်စိုက်ထူထားသည့် ရွှေရတုအထိမ်းအမှတ် ကျောက်တိုင်ပြင်ဆင်မွမ်းမံနိုင်ရေး၊ ဘွဲ့နှင်းသဘင်ခန်းမဆောင်နှင့် သုတေသနအဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးအတွက် ဆက်လက် ဆောင်ရွက်ရမည့် အစီအစဉ်များကို တာဝန်ရှိသူများအား မှာကြားကာလိုအပ်သည်များအား ဌာနဆိုင်ရာများနှင့်အတူ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တည်ဆောက်ပြီးစီးသည့် ရေကူးပြေးလမ်း ၁၀ လမ်းပါ (အလျား ၅၀ မီတာ၊ အနံ ၂၅ မီတာ) ရှိ ရေကူးကန်တည်ဆောက်မှု လုပ်ငန်းခွင်အတွင်း ပွဲကြည့်စင်၊ အမိုးဒိုင်းများ တည်ဆောက်ထားရှိမှု၊ ရေကူးကန်အတွင်း ခေတ်မီစက်ကိရိယာများဖြင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရေသန့်စင်ခြင်း စက်ကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများဖြစ်သည့် ရေကူးကန်ဘေးပတ်လည် လျှောက်လမ်းများအား ကြွေပြားခင်းခြင်း၊ ပွဲကြည့်စင်ထိုင်ခုံများ တပ်ဆင်ခြင်း၊ အုတ်တံတိုင်းကာရံခြင်း လုပ်ငန်းများကို စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီအောင် ဆောက်လုပ်သွားရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှုဖြစ်ပွား၍ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရ

နေပြည်တော် အောက်တိုဘာ ၁၉

**ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှုဖြစ်ပွား၍ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန် ဗဟိုအကျဉ်းထောင်၌ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဗဟိုအကျဉ်းထောင်၏ ဝင်/ထွက် ဂိတ်ပေါက်ရှိ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လက်ခံသည့် အဆောက်အဦအတွင်းနှင့် အပြင်ဘက်တို့တွင် အကြမ်းဖက်သမားများ၏ ပါဆယ်ထုပ်များအတွင်း မိုင်းများ ထည့်သွင်း ဖောက်ခွဲခဲ့မှုကြောင့် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ကို တွေ့ရှိရသည်။

**မိုင်းစထိမှန်**

အဆိုပါ ပေါက်ကွဲမှုများကြောင့် အခင်းဖြစ်နေရာအနီးတွင် တာဝန်ဝတ္တရားများ ဆောင်ရွက်လျက်ရှိကြသည့် အကျဉ်းထောင်တပ်သားများဖြစ်သည့် ကျော်ဇင်ဦး၊ ချစ်မိုးဝေနှင့် ပိုးအိစံ၊ အကျဉ်းသားများအတွက် ပါဆယ်ထုပ်လာရောက် ပေးပို့သူများဖြစ်ကြသည့် ဒေါ်သင်းသင်းချို (၅၄) နှစ်၊ မယွန်းမီမီကျော် (၁၀) နှစ်၊ ဒေါ်သိန်းကြွယ် (၅၆) နှစ်နှင့် စိစစ်ဆဲ အမျိုးသမီး နှစ်ဦး စုစုပေါင်း ရှစ်ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြပြီး အကျဉ်းထောင် လက်ထောက်ကြီးကြပ်ရေးမှူး (၁) ဒေါ်သိဂီဝင်းမြင့်၊ အကျဉ်းထောင်တပ်သား ဇေယျာခင်စိုး၊ ထွန်းထွန်းနိုင်၊ သူရိန်ထွေး၊ သဒ္ဒါဖူးကိုကိုနှင့် အကျဉ်းသားများ



မိုင်းပေါက်ကွဲမှုဖြစ်ပွားသည့် နေရာကို တွေ့ရစဉ်။

အတွက် ပါဆယ်ထုပ်လာရောက် ပေးပို့သူများ ဖြစ်ကြသည့် မောင်ဖြိုးသူသျှံ (ခ) ပိုင်ပိုင် (၉) နှစ်၊ ကိုရန်နိုင် (၃၅) နှစ်၊ ကိုစည်သူအောင် (၃၈) နှစ်၊ မောင်ပြည့်စုံဖြိုး (၁၇) နှစ်၊ ကိုထက်နိုင်ထွန်းရှိန် (၃၃) နှစ်၊ ဒေါ်ဇာခြည်လွင် (ခ) မလုံးစီ (၄၃) နှစ်၊ မအေးစန္ဒာစိုး (၂၁) နှစ်၊ ဒေါ်မျိုးပပဝင်း (၄၁) နှစ်၊ မမေသွန်းနဒီနိုင် (၁၇) နှစ်၊ ဒေါ်နော်ဝါးဖော (၅၀) နှစ်၊ မဆွေသူအောင်(၂၉) နှစ်၊ မဇင်မာဝင်း (၃၄) နှစ်၊ ဒေါ်မိုးသီတာ (၅၃) နှစ် စုစုပေါင်း ၁၈ ဦးတွင် မိုင်းစ ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား အင်းစိန်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကာ လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ထပ်မံတွေ့ရှိ**

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအား မိုင်းရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အဆောက်အဦအတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ပိုးထားသည့် ပါဆယ်ထုပ်အတွင်းမှ လက်လုပ်မိုင်းတစ်လုံး ထပ်မံတွေ့ရှိ သိမ်းဆည်းရမိသဖြင့် သက်မဲ့ပြုလုပ် ရှင်းလင်းခဲ့ပြီး ဖြစ်စဉ်တွင် အကျဉ်းထောင်ဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများကိုသေဆုံးထိခိုက်ဒဏ်ရာများ ရရှိစေခဲ့သည့်အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။




ပါဆယ်ထုပ်အတွင်းမှ ထပ်မံသိမ်းဆည်းရမိခဲ့သည့် လက်လုပ်မိုင်းတစ်လုံးကို တွေ့ရစဉ်။


## ပြောင်းလဲနေသော ရာသီဥတု စာအုပ်ထွက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

စာရေးဆရာကျော်ဦး၏ ပြောင်းလဲနေသော ရာသီဥတု စာအုပ် ထွက်ရှိလာသည်။

ယနေ့ကမ္ဘာပေါ်တွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့် အပူလွန်ကဲခြင်း စသည့် ရာသီဥတု ပြောင်းလဲမှု၏ အကျိုးဆက်များကို ပိုမိုခံစားလာကြရပြီဖြစ်ရာ အဆိုပါစာအုပ်တွင် ရာသီဥတုပြောင်းလဲမှုအကြောင်းအရာများနှင့် ပတ်သက်ပြီး အခြေခံမှစ၍ ရှင်းလင်းဖော်ပြထားသည်။ ယင်းစာအုပ်သည် ဆယ်ကျော်သက်အရွယ်လူငယ်များနှင့် ကလေးသူငယ်များအတွက် ရည်ရွယ်သည့်အလျောက် ကမ္ဘာနှင့် ရာသီဥတု၊ နှစ်ဟောင်းများက ရာသီဥတုနှင့် လတ်တလောရာသီဥတု၊ ပူနွေးလာသော ကမ္ဘာကြီး၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ရာသီဥတု ပြောင်းလဲခြင်း၏ ဒဏ်ကို လျော့နည်းသက်သာစေခြင်း စသည့်အခန်းကြီး ငါးခန်းကို သရုပ်ဖော်ပုံများနှင့်တကွ ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့်အတွက် လူငယ်လူရွယ်များ ဖတ်ရှုလေ့လာသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ထို့အတူ အခန်းတိုင်း၏ နောက်တွင် အမေးအဖြေများ၊ ကွက်လပ်ဖြည့်များ၊ အမှားအမှန်ရွေး လေ့ကျင့်ခန်းများ၊ ဉာဏ်စမ်းပဟေဠိများကိုပါ စမ်းသပ်ဖြေဆိုရင်း လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။ ယင်းစာအုပ်ကို ပါရမီစာပေ အမှတ် ၂၃၀၊ ၂၉လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၇၈၃၉၅၃၄၆ သို့ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။




**မြန်မာ့အလင်း**

## MNL ပြိုင်ပွဲတွင် ရတနာပုံအသင်း နိုင်ပွဲယူပြီး အဆင့် ၄ နေရာ ရောက်လာ

**ရန်ကုန် အောက်တိုဘာ ၁၉**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) စတုတ္ထနေ့အဖြစ် မြဝတီအသင်းနှင့် ရတနာပုံအသင်းတို့ အောက်တိုဘာ ၁၉ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရတနာပုံအသင်းသည် အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယား အဆင့် ၄ နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီး မြဝတီအသင်းမှာမူ ရှုံးပွဲဆက်ပြီး အဆင့် ၅ နေရာသို့ ဆင်းပေးခဲ့ရသည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းနှင့် မြဝတီအသင်းတို့မှာ ၁၄ ပွဲကစား ရမှတ် ၂၄ မှတ်စီ ရရှိထားသော်လည်း ဂိုးကွာခြားချက်အသာဖြင့် ရတနာပုံအသင်းက အဆင့် ၄ နေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းတွင် ကွင်းလယ်ကစားသမား လှိုင်းဘိုဘိုမှလွဲ၍ ဇော်ရဲထွန်း၊ မျိုးကိုထွန်း၊ သက်နိုင်၊ ရဲရင့်အောင်တို့ဖြင့် လူစုံခဲ့ပြီး မြဝတီအသင်းမှာလည်း နောက်ခံလူ ဝေယံဦးမှလွဲ၍ ထွန်းနန္ဒဦး (ဂိုး)၊ သက်ဝေမိုး၊ နိုင်ဇင်ထက်တို့ဖြင့် လူစုံနီးပါး ပါဝင်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးသွင်းခွင့်များ အပြန်အလှန်ရရှိခဲ့သည်။ ရတနာပုံအသင်းသည် မိနစ် ၂၀ ကတည်းက အနိုင်ဂိုးရခဲ့ပြီး ရဲရင့်အောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် မျိုးကိုထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ပွဲစဉ် (၁၆) နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၂၀ ရက် **(ယနေ့)** တွင် GFA အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**

# မန္တလေးတောင်မှသည် တက်သေးအင်းဆီသို့

ကိုရွှေမန်း(မန္တလေး)

**သီတင်းကျွတ်လပြည့်နေ့သည် မန္တလေးတောင်ခြေကျောက်တော်ကြီးဘုရားပွဲနေ့ဖြစ်သဖြင့် ဘုရားဖူးပရိသတ်များသည် ပုံမှန်ရက်များထက် အထူးစည်ကားနေသည်ကို တွေ့ရသည်။ ပုံမှန်အားဖြင့် သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့မှ လပြည့်နေ့သည် ကျောက်တော်ကြီးဘုရားပွဲနေ့များ ဖြစ်သည်။ မန္တလေးနန်းတော်တည်ပြီး ငါးနှစ်ခန့်အကြာတွင် မတ္တရာစကျင်ဒေသမှ တစ်လုံးတည်းသော ကျောက်တော်ရသဖြင့် ပုံကြမ်းထုဆစ် သယ်ယူလာပြီး မြို့တော်သို့ရောက်သောအခါ မင်းတုန်းမင်းကိုယ်တော်တိုင် မျက်နှာတော်ဖွင့်သည်။ မဟာသကျမာရဇိန် ဘွဲ့တော်ရှိသည်။ ဉာဏ်တော် ၁၂ တောင်ရှိပြီး "မန်းမြတ်ကျော်ဦး ကျောက်မြတ်ထူး" ဆိုသောစာချိုးအရ ၅၅၂၁၂၅ ပိဿာ၊ တန်ချိန် ၉၀၀ခန့် ရှိသည်။ စန္ဒာမုနိဘုရားပွဲ၊ ကုသိုလ်တော်ဘုရားပွဲများကိုပါ တစ်ပေါင်းတည်းဆက်၍ ကျင်းပသဖြင့် ပွဲတော်ရက်မှာ ၁၅ ရက်နှင့်အထက် ကြာတတ်သေးသည်။**


ဆွမ်း၊ ဆွမ်းဟင်း၊ သပိတ်နှင့် နဝကမ္မအလှူငွေများ လှူဒါန်းခြင်းကို လပြည့်ကျော် ၁ ရက်နေ့တွင် စန္ဒာမုနိဘုရား၌သံဃာတော်အပါး ၁၂၅ပါး၊ လပြည့်ကျော် ၂ ရက်နေ့တွင် ကုသိုလ်တော်ဘုရား၌ သံဃာအပါး ၁၀၀၀ ၊ လပြည့်ကျော် ၃ ရက်နေ့တွင် ကျောက်တော်ကြီးဘုရား၌ သံဃာအပါး ၂၅၆၆ ပါးတို့အား ရှေးအစဉ်အလာမပျက် လှူဒါန်းကြသည်။ တောင်ခြေတွင်တည်ရှိသည့် ဘုရားသုံးဆူကို ဖူးမြော်ပြီး တောင်ပေါ်သို့ ခြသေ့်ကြီးနှစ်ကောင်စောင်းတန်းမှ တက်ရောက်ခဲ့ပါသည်။ မြန်မာမှုအနုလက်ရာတွင် အချိုးအစား အကောင်းမွန်ဆုံးဖြစ်သည်ဟု စံသတ်မှတ်ထားရသည့် ခြသေ့်ကြီးများ ဖြစ်သည်။ ခြသေ့်ကြီးနှစ်ကောင်မှ တောင်ထိပ်ဆုတောင်းပြည့်ဘုရားအထိ သံပြာသာဒ်ပေါင်း ၃၅၆ ခု နှင့် လှေကားထစ်ပေါင်း ၉၀၀ ရှိသည်ဟု မှတ်သားရပါသည်။

### မြို့ပြသမိုင်းစာအုပ်ကြီး

တောင်တက်ကားလမ်းအတိုင်း မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် တောင်ထိပ်ဆုတောင်းပြည့်ဘုရားသို့ လွယ်လင့်တကူရောက်ရှိနိုင်ပြီဖြစ်၍ ဘုရားတန်ဆောင်းများတွင် ရှေးယခင်ကဲ့သို့ ဘုရားဖူးညှော့ပရိသတ်များဖြင့် စည်ကားနေခြင်းမရှိတော့ပေ..။ ခြသေ့်ကြီး နှစ်ကောင်မှစ၍ ဗျာဒိတ်ပေးကိုယ်တော်ကြီးအထိ ဘုရားတန်ဆောင်းများသည် ကပ်ကျော်ဘွဲ့တော်ရ ဘုရားများ ဖြစ်တော်မူသွားတော့သည်။ လွန်ခဲ့သော နှစ်(၄၀-၅၀) ခန့်က အဆိုအတီးတူရိယာများ ဖြင့် အဖွဲ့လိုက်၊ အစုလိုက် စောင်းတန်းများအတိုင်း တက်ရောက်၍ တောင်ထိပ်အရောက် ဘုရားဖူးသောမြင်ကွင်းများကို မြင်ယောင်မိသည်။ ဘုရားတန်ဆောင်း ကြီးကြီးငယ်ငယ်များတွင် ဘုရားဖူး ညှော့ပရိသတ်များဖြင့် စည်ကားနေခဲ့ဖူးသည်။ စာရေးသူတို့ ငယ်စဉ်က မိဘများနှင့်အတူ မန္တလေးတောင်သို့ ဘုရားဖူးလာရာတွင် ထမင်းတောင်းများ၊ ရေဘူးများ၊ ဖျာလိပ်များကိုပါ ယူဆောင်လာကြရပြီး ဗျာဒိတ်ပေးဘုရားသို့ မရောက်မီ ရသေ့ကြီးဦးခန္တီ အလှူခံသီတင်းသုံးခဲ့သည့် ပြန့်ကြီးတွင် ထမင်းစားကြ၊ အနားယူကြရသည်။ (ယခုအခါ ပြန့်ကြီးသည် ကြီးမားစွာ ပျက်စီးယိုယွင်းလျက်ရှိသည်။) ထို့နောက်တွင် တောင်ထိပ်ဆုတောင်းပြည့် ဘုရားသို့ ဆက်လက်ဖူးမြော်ကြသည်။ အဆင်းခရီးကို ဓာတ်တော်တိုက်ဘုရားနှင့် စွယ်တော်တိုက်ဘုရားများတည်ရှိရာ တောင်ဘက်အရှေ့စောင်းတန်းမှ ဆင်းကြပါသည်။ တောင်တက်ခရီးနှင့် အဆင်းခရီးများတွင် အမောပြေအနားယူရင်း ဓာတ်တော်များ၊ ပန်းချီကားများ၊ အလှူရှင် ကမ္ပည်းစာတန်းများကို လေ့လာဖတ်ရှုရင်း ဘုရားဖူးခရီးဆက်ခဲ့ကြရပါသည်။ အလှူရှင် ကမ္ပည်းစာတန်းများတွင် မြန်မာနိုင်ငံအနှံ့အပြားမှ မြို့ရွာအမည်များ မြို့ရွာများ၏ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ တိုက်နယ်အဆင့်၊ ကျေးလက်အဆင့်များနှင့် အလှူရှင်များ၏ ရာထူး၊ ဂုဏ်ထူး၊ စီးပွားရေးလုပ်ငန်း အခေါ်အဝေါ်များ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးများအလိုက် မှည့်ခေါ်ကြသည့် အမည်နာမ အခေါ်အဝေါ်များကိုလည်း သိရှိရသဖြင့် အလှူရှင်ကမ္ပည်းစာတန်းများသည် မြန်မာနိုင်ငံ၏ **"မြို့ပြသမိုင်းစာအုပ်ကြီး"** ဖြစ်သည်ဟု ဆိုရပေလိမ့်သည်။ အဆိုးရွားဆုံးမှာ မူလအလှူရှင် ကမ္ပည်းစာကို ဖုံးအုပ်၍ အလှူရှင်အသစ်အမည် အစားထိုး ရေးသွင်းခြင်းများဖြစ်ပါသည်။ ဘုရားတန်ဆောင်းများတွင် အမြို့မြို့အနယ်နယ်မှ လာရောက်လှူဒါန်းထားကြသည့် အုတ်ခုံတန်းလျားလေးများက အနားယူအပန်းဖြေမည့် ဘုရားဖူးညှော့ပရိသတ်များကို မျှော်လင့်နေဟန်ရှိသည်။

### မီးမောင်းထိုးပြနေ

မန္တလေးတောင်တော်သည် စာရေးသူတို့ငယ်စဉ်ကထက် ပိုမို၍ စိမ်းလန်းစိုပြည်လျက်ရှိပြီး ဆုတောင်းပြည့်ဘုရားရင်ပြင်တော်သည် ကျယ်ပြန့်ခမ်းနားသွားသည်။ ထူးခြားသည်မှာ ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ညွှန်ကြားမှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သီတင်းကျွတ်မီးထွန်းပွဲတော်ကို အရှေ့ဘက်နန်းမြို့ရိုးနှင့် ကျုံးအတွင်းရှိ ရတနာပုံဥယျာဉ်အတွင်း ကျင်းပခဲ့ခြင်း ဖြစ်သည်။ ညပိုင်းအချိန် ဓာတ်တော်တိုက်ဘုရားတွင် ထွန်းလင်းနေသည့် မန္တလေးတောင်တော်ဟူသော မီးစာသားများ၊ မီးစောင်းတန်း အသွယ်သွယ်များဖြင့် တင့်တယ်လှပနေသည့် မန္တလေးတောင်တော်နှင့် မီးရောင်စုံထွန်းညှိထားသည့် နန်းမြို့ရိုးပေါင်းစပ်ထားသည့်အလှသည် ဂုဏ်ယူဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို **မီးမောင်းထိုးပြနေ**ခြင်းပင် ဖြစ်သည်။


မန်းတောင်တော်ပေါ်မှ မန္တလေးအလှကို တွေ့ရစဉ်။

### သဘာဝမျှော်စင်ကြီး

မန္တလေးတောင်တော်ကို မန္တလေးမြို့ကြီးနှင့် ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်ရှုရန် သဘာဝတရားကြီးက ဖန်ဆင်းပေးထားသော **သဘာဝမျှော်စင်ကြီး**ဟု စာဆိုရှင်များက တင်စားညွှန်းဆိုလျက်ရှိကြသည်။ မန္တလေးတောင်နှင့် တောင်ပေါ်ကမြင်တွေ့ရသည့် ရှုခင်းများက ရောက်ဖူးသူတိုင်းကို အကြိမ်ကြိမ် လာရောက်ရှုစားလိုစိတ်ဖြစ်အောင် ညို့ယူဖမ်းစားသမှု ပြုလျက်ရှိပါသည်။ မန္တလေးတောင်သည် အမြင့် ၇၇၆ ပေ ရှိသည့်အတွက် မြို့တစ်မြို့၏ ရှုခင်းအလှကိုကြည့်ရှုခံစားရန် သင့်တော်သောအမြင့်ရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

### မြို့တော်နှင့် ပတ်ဝန်းကျင်ရှုခင်း

တောင်ထိပ်အပေါ်စီးက မြင်တွေ့ရသည့် နီစွေးစွေးအုတ်မြို့ရိုး၊ ပြအိုးပစ္စင်နန်းပြာသာဒ်များ နန်းမြို့အဝင်တံခါးများ၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ အတုမရှိကျောင်းတော်ကြီး၊ ပဋ္ဌာန်းရွှေသိမ်တော်၊ သုဓမ္မာဇရပ်တော်များနှင့် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ညီညာဖြောင့်တန်းစွာ ဖောက်လုပ်ထားသည့် လမ်းမကြီးများသည် မင်းနေပြည်တော် ရတနာပုံမန္တလေးမြို့ဟူသော ဂုဏ်သတင်းကို ဝင့်ကြွားလျက်ရှိနေဆဲဖြစ်ပါသည်။ တောင်မြောက် ညီညာဖြောင့်တန်းစွာ ဖောက်လုပ်ထားသောလမ်းမကြီးများကို အရှေ့အနောက် ညီညာဖြောင့်တန်းနေသောလမ်းမကြီးများက တစ်ပြ (အတိအကျဆိုလျှင် ၅၆၈ဒသမ ၇၅ပေ) နှုန်းထားဖြင့် ထောင့်မှန်ကျဖြတ်၍ တည်ဆောက်ထားမှုများက ရှေးမြန်မာမင်းနေပြည်၏ စနစ်တကျတည်ဆောက်ထားမှုများကို သက်သေပြုနေပါသည်။

ယနေ့ မန္တလေးသည် လွန်ခဲ့သောနှစ် ၄၀ ဝန်းကျင်က မန္တလေးမြင်ကွင်းထက် များစွာခြားနား၍ တိုးတက်ပြောင်းလဲသွားပြီဖြစ်သော်လည်း မင်းတုန်းမင်းကြီး တည်ခဲ့သော ရတနာပုံမန္တလေး၏ ပြပေါက်လမ်းများကို အခြေပြုလျက် ဆက်လက်တိုးချဲ့ထားသည်ကို တွေ့ရသည်။ စည်မျက်နှာကဲ့သို့ ညီညာပြန့်ပြူးသော လွင်ပြင်တွင်တည်ရှိသည့် မန္တလေးမြို့တော်၏ အလှသည် ခေတ်မီအဆင့်မြင့် ဒီဇိုင်းဆန်ဆန်တင့်တယ်လှပသော တိုက်တာအိမ်ခြေများဖြင့် သစ်လွင်တောက်ပလျက်ရှိပြီး စိမ်းညို့ညို့တောင်တန်းတောင်စွယ်များ၊ သစ်ပင်အုပ်များ၊ ရေပြင်ရေရိုးများဖြင့် အနားသတ်ထားသည်ကိုတွေ့ရသည်။ မြို့တောင်ဘက်ယွန်းယွန်းတွင် မဟာမုနိရွှေ ကျောင်းတော်မြင်ကွင်းနှင့်အတူ တက်သေးအင်းနှင့် တောင်သမန်အင်းတို့ကို ထင်ရှားစွာတွေ့မြင်ရသည်။ မဟာမုနိဘုရား၊ တောင်သမန်အင်းနှင့် တက်သေးအင်းတို့သည် ရှေးကာလများနှင့် မတူတော့ဘဲ ခေတ်သစ်မန္တလေးမြို့ကြီး၏အတွင်း ကျရောက်နေပြီဖြစ်သည်။ လွန်ခဲ့သောနှစ် ၄၀ ခန့်ကမူ မန္တလေးတောင်နှင့် တက်သေးအင်းတို့သည် မန္တလေးမြို့၏ မြောက်ဘက်နှင့် တောင်ဘက်စွန်းများ ဖြစ်ကြသည်။

### ကျက်သရေဆောင်ဘေးမဲ့အင်းကြီး

တောင်ပေါ်မှရှုမြင်ရသည့် တက်သေးအင်းသည် အမရပူရခေတ်မှစ၍ မန္တလေးရတနာပုံခေတ်အထိ ပဒေသရာဇ်ခေတ် မင်းနေပြည်တော်နှစ်ခုစလုံး၏ အခြံအရံ ကျက်သရေဆောင်ဘေးမဲ့အင်းကြီး ဖြစ်သည်။ ရွှေမြို့တော်ကြီး၏ **ရွှေကြိုးသတ်နယ်မြေအတွင်း ရှိသည့်**အတွက် ကုန်းသတ္တဝါ၊ ရေသတ္တဝါများကို ဘေးမဲ့ပေးထားပြီး ဖမ်းဆီးမှု၊ သတ်ဖြတ်မှု၊ နှိပ်စက်မှုများကိုလည်း ရာဇဝတ်မှုများအဖြစ် သတ်မှတ်ထားသည်။ ပဒေသရာဇ်ခေတ် ရေသတ္တဝါသတ်မှတ်ချက်ကို ဗဟုသုတဖြစ်စေရန် ယခုခေတ်ဥပဒေပါ သတ်မှတ်ချက်နှင့် နှိုင်းယှဉ်တင်ပြလိုပါသည်။ ယခုခေတ် ကျင့်သုံးနေသော မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ(၁၉၉၀)၊ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ(၁၉၈၉)၊ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ(၁၉၈၉) နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့က ပြဋ္ဌာန်းသည့် ရေချိုငါးလုပ်ငန်းဥပဒေများ၏ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ တွင် ငါးဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါ အားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုလိုကြောင်း၊ ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်ကြောင်း ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ **ပဒေသရာဇ်ခေတ် ရေသတ္တဝါသတ်မှတ်ချက်မှာ** ပွင့်လင်းကျယ်ပြန့်သည်ကိုတွေ့ရပြီး ရေနေ ရေပိုး၊ ရေမွှား၊ ရေနေငှက်များကို ရေသတ္တဝါဟု သတ်မှတ်ထားသည်။ ဝမ်းဘဲ၊ ဟင်္သာ၊ ကြာဖက်နင်း၊ ရေကြက်၊ စက္ကဝက် စသည့်ကောင်းကင်သို့ပျံနိုင်သည့် ရေနေငှက်များကိုလည်း ရေသတ္တဝါများအဖြစ် တိတိကျကျထည့်သွင်းသတ်မှတ်ပေးထားသည်။ ရေနေရေပိုး၊ ရေမွှား၊ ရေနေငှက်များဟူသော အသုံးအနှုန်းများက ရေသယံဇာတကာကွယ်ရေးအတွက် ကျယ်ပြန့်မှုရှိ ကြောင်းတွေ့ရသည်။ *စာမျက်နှာ ၁၁ သို့*

**" မန္တလေးမြို့တော်၏ အလှသည် ခေတ်မီအဆင့်မြင့် ဒီဇိုင်းဆန်ဆန်တင့်တယ် လှပသောတိုက်တာအိမ်ခြေများဖြင့် သစ်လွင်တောက်ပလျက်ရှိပြီး စိမ်းညို့ညို့တောင်တန်းတောင်စွယ်များ၊ သစ်ပင်အုပ်များ၊ ရေပြင်ရေရိုးများဖြင့် အနားသတ်ထားသည်ကို တွေ့ရသည်။ မြို့တောင်ဘက်ယွန်းယွန်းတွင် မဟာမုနိရွှေကျောင်းတော်မြင်ကွင်းနှင့်အတူ တက်သေးအင်းနှင့် တောင်သမန်အင်းတို့ကို ထင်ရှားစွာတွေ့မြင်ရသည်။ မဟာမုနိဘုရား၊ တောင်သမန်အင်းနှင့် တက်သေးအင်းတို့သည် ရှေးကာလများနှင့် မတူတော့ဘဲ ခေတ်သစ်မန္တလေးမြို့ကြီး၏အတွင်း ကျရောက်နေပြီဖြစ်သည် "**

*စာမျက်နှာ ၁၀ မှ*

### အင်းငါးမွေးမြူ ထုတ်လုပ်မှုအခြေအနေ

အင်းအိုင်များတွင် ငါးမျိုးစိုက်ထည့်မွေးမြူသည့်စနစ် (Culture based Capture Fisheries နှင့် Capture based Culture Fisheries) ကို ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် (၁၉၈၀-၁၉၈၁) ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခြင်း ဖြစ်သည်။ နိုင်ငံတကာတွင် Culture based Capture Fisheries နှင့် Capture based Culture Fisheries စသည်တို့ ဆောင်ရွက်ခြင်းမရှိစဉ်ကပင် မြန်မာနိုင်ငံအနေဖြင့် ရေချိုငါးလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော လုပ်ငန်းစဉ်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အင်းအိုင်များအားလုံးတို့တွင် အင်းလေလံရောင်းချရငွေ၏ ငါးရာခိုင်နှုန်းကို ငါးသားပေါက်များ ထည့်သွင်းမွေးမြူစေခြင်းဖြင့် ငါးအထွက်တိုးစေရေး ငါးရိက္ခာ ဖူလုံစေရေးတို့ကို ဆောင်ရွက်စေလျက် ရှိပါသည်။ အလားတူ တက်သေးအင်းအတွင်းသို့ ငါးမှုန်၊ ငါးသန်၊ ငါးဖြန်းများ ဝယ်ယူပြုစု၍ မျိုးစိုက်ထည့်သွင်းမွေးမြူသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်စေလျက် ရှိကြောင်း တွေ့ရသည်။ ငွေရောင်ငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငါးတန်၊ ငါးအုံတုံ၊ ငါးခုံးမ၊ တီလားပီးယား၊ ငါးသန်၊ ငါးဖြန်းကောင်ရေ သိန်း ၅၀ ခန့်ကို ပြုစု၍ ထည့်သွင်းမွေးမြူခြင်းဖြစ်သည်။ နေ့စဉ်ငါးမျိုးစုံ ပိဿာ ၁၀၀၀ ခန့် ထုတ်လုပ်လျက်ရှိပြီး တစ်နှစ်လျှင် ငါးမျိုးစုံ ပိဿာ ၃၃၀၀၀၀ ခန့် ဖမ်းဆီးထုတ်လုပ်လျက်ရှိသည်။

### ရောဝတီမြစ်ကြီးနှင့်ခြားနားသွားခဲ့

တက်သေးအင်းသည် ကုန်းတွင်းပိတ်အင်းတစ်ခုဖြစ်ပြီး မန္တလေးမြို့ကြီးမတည်မီက ရောဝတီမြစ်ရေကြီးချိန်တွင် ရောဝတီမြစ်ကြီးနှင့်ပေါင်းစပ်ကာ ရေပြင်ကျယ်ကြီးဖြစ်သွားသည်။ ရွှေတချောင်းမြောင်း အရှေ့ဘက်ကမ်းအထိ ရောဝတီမြစ်ရေဝင်ရောက်သည့်အတွက် ရွှေတချောင်းမြောင်း အနောက်ဘက်တစ်ခွင် လူနေအိမ်ခြေစည်ကားစေလိုသောကြောင့် မင်းတုန်းမင်းကြီးလက်ထက် ၁၈၇၆ ခုနှစ်တွင် ပြင်မြေမြို့ရိုးကြီး (ရောဝတီမြစ်ရေတားမြေသားတမံတာရိုး)ကို တည်ဆောက်ခဲ့ရာ **ရောဝတီမြစ်ကြီးနှင့်ခြားနားသွားခဲ့**သည်။ အင်းအတွင်းသို့ သင်္ဂဇာချောင်းနှင့် ရွှေတချောင်းမြောင်း ရေများသာ အဓိကစီးဆင်းဝင်ရောက်နိုင်တော့သည်။ ဟင်းသီးဟင်းရွက် စိုက်ခင်းများ၊ ပန်းမန်စိုက်ခင်းများ၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းများဖြင့် မန္တလေးပြည်သူများအတွက် စားဖိုချောင်သုံး သီးနှံများ၊ ပန်းမန်များ အဓိကထုတ်လုပ်ပံ့ပိုးပေးသော အင်းကြီးဖြစ်ခဲ့သည်။ အင်းမြောက်ဘက်ရှိ မာလကာခြံ၊ ပြည်လုံးအုံ့လှေတန်း၊ သံလျက်မော်ပတ္တာရပ်တို့သည် ယခင်က ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံနှင့် ပန်းမျိုးစုံ စိုက်ပျိုးထုတ်လုပ်သည့် ကိုင်းကျွန်းများဖြင့် သာယာသောအရပ်များ ဖြစ်ခဲ့ကြသည်။ အင်းအရှေ့ဘက်ခြမ်းတွင် မဟာမုနိရုပ်ရှင်တော်နှင့် အတူပါလာသည့် မွတ်စလင်ဘာသာဝင်အမှုထမ်းများကို နေရာချထားပေးသည့် ဒေါနခြံရပ်သည် ဒေါနပန်းများစိုက်ပျိုး၍ နန်းတော်သို့ ဆက်သွင်းရပြီး နှောင်းခေတ်များတွင်လည်း ဒေါနပန်းနှင့် ဟင်းသီးဟင်းရွက်များ အဓိကစိုက်ပျိုးထုတ်လုပ်ရာအရပ်ဖြစ်သည်။ ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းများအတွက်လည်း တက်သေးအင်းသည် အထူးအရေးပါခဲ့သည်။

### မဟာမုနိဗုဒ္ဓဝင်တော်ပါ တက်သေးအင်း

အမရပူရခေတ် မြို့တော်၏လှေဖောင်တော်များ ဆိုက်ကပ်ရန် ဆိပ်ကမ်းကို တက်သေးအင်း အတွင်းတည်ဆောက်ထားသည်။ ရခိုင်မဟာမုနိရုပ်ရှင်တော်ကို ပန်းတောင်းမြို့မှ ၁၁၄၇ ခုနှစ် ကဆုန်လဆန်း ၁ ရက်နေ့မှစ၍ ပြည်ကြီးမွန်ရတနာရွှေဖောင်တော်ဖြင့် ပင့်ဆောင်ခဲ့ရာ ကဆုန်လပြည့်ကျော် ၁၅ ရက်နေ့တွင် တက်သေးအင်းအတွင်းရှိ ဖောင်တော်ဆိပ်သို့ရောက်ရှိပြီး တက်သေးအင်း ဖောင်တော်ဆိပ်တွင် ပြသာဒ်တော်ဆောက်လုပ်၍ ရုပ်ရှင်တော်အား ပူဇော်ထားပါသည်။ ထို့နောက်တွင် လက်ရှိသီတင်းသုံးရာသို့ ဆက်လက်ပင့်ဆောင်ကိုးကွယ်ခြင်းဖြစ်သည်။ မဟာမုနိဆိုက်ရောက် သီတင်းသုံးတော်မူရာအင်းဖြစ်ခြင်း၊ လက်ရှိကျောင်းတော်ကြီးသည်လည်း တက်သေးအင်းစောင်းရေရိပ်တွင်ရှိခြင်း၊ အင်းပတ်လည် မနီးမဝေးတို့တွင် သရီရဓာတ်တော်စစ်များ ကိန်းဝပ်ရာ စေတီပုထိုးများကို ဖူးတွေ့နိုင်ခြင်း၊ ဘိုးတော်မင်းတရားနှင့် အမရပူရနန်းစံဘုရင်များ၏ ရတနာ ရွှေဖောင်တော်များ အစဉ်အမြဲ ဆိုက်ကပ်ရပ်နားထားရာ ရွှေမြို့တော်ဆိပ်ကမ်းဖြစ်၍ ဘူမိနက်သန်အောင်မြေဖြစ်ခြင်းတို့ကြောင့် ဘာသာရေးဆိုင်ရာ သမိုင်းတန်ဖိုးကြီးမားသောအင်း ဖြစ်ပါသည်။

### ကုန်းဘောင်ခေတ်ဘုရင့်ရေတပ်အတွက် အရေးပါ

အမရပူရခေတ်မှ ရတနာပုံခေတ်အထိ မြန်မာဘုရင့်ရေတပ်မတော်အတွက် တက်သေးအင်းသည် အထူးအရေးပါကြောင်း တွေ့ရသည်။ တက်သေးအင်းနှင့် အင်းအတွင်းစီးဝင်သည့် သင်္ဂဇာ ချောင်းဝဲယာများတွင် လှေတပ်သားအမှုထမ်းများကို နေရာချထားခဲ့သည်။ မြန်မာဘုရင့်လှေကြီးများ၏ အမည်များအတိုင်း စိန်ပန်းရပ်၊ သူရဲကျော်ရပ်၊



ကျောက်တော်ကြီးဘုရား။

လက်ရွေးကြီးရပ်၊ ပြည်လုံးအုံ့လှေတန်း၊ မင်းစံလှေတန်း၊ လက်သစ်လှေတန်း၊ ရွှေတုံးလှေတန်းစသည့် ရပ်ကွက်များချထား၍ လှေအမှုထမ်းများကို နေရာချထားပေးသည်။ မန္တလေးနန်းရှေ့ရှိ ရတနာနဒီတစ်လျှောက်တွင် လည်း ရွှေးကြီးရပ်၊ ယာဉ်ပျံရပ်၊ ရွှေခဲပွား၊ ရွှေကြက်ယက်ဘုရားအနီးတွင် စိန်တုံးရပ်၊ စစ်ကိုင်းဘက်တွင် အစေခံရပ်၊ မိုးဇာရပ်၊ သပြူ ခိုတောင်စသည့် ရပ်ရွာများသည်လည်း ဘုရင့်လှေတော်များ၏ အမည်များကိုစွဲ၍ မှည့်ခေါ်ထားပြီး လှေတော်သားများအား နေရာချထားပေးခဲ့ခြင်း ဖြစ်ပါသည်။ ဘုရင့်လှေတော်များ အမည်ဖြင့် မှည့်ခေါ်သောရပ်ရွာများ ကျန်ရှိနိုင်ပါသေးသည်။

### ဂမ္ဘီရဆန်သော ရွှေတုံးလှေ

ရွှေတုံးလှေသည် သက္ကရာဇ် ၁၀၉၉ ခုနှစ် ဆင်ကြားရှင်မင်းလက်ထက်တွင် သာယာဝတီမြို့ဝန် သီဟစက်မှ သာယာဝတီမြို့တွင် လေးနှစ်ကြာအောင် တည်ဆောက်ခဲ့ရပြီး ကိုးနှစ်ကြာစီးနင်းခဲ့သည်။

၁၁၀၂ ခုနှစ်တွင် ပဲခူးမင်း မင်းပြု၍၊ ညီဥပရာဇာက သိမ်းယူခဲ့ပြီး အင်းအိုင်းပယောဂအစီအရင်များ ပြုလုပ်ကာ လှေဦးတွင် အင်းကွက်များ မြုပ်ထားပြီး လှေတစ်စင်းလုံးကို ရွှေချ၍ ရွှေတုံးလှေအမည်ဖြင့် ဘောလည်ရွာသားများက လှော်ခတ်ကြရသည်။ ပွဲနင်းမှာ ငဒေါကွန်းနှင့် ငဒေါတညီအစ်ကို နှစ်ယောက်ဖြစ်ပြီး ညီအစ်ကိုနှစ်ယောက် သေဆုံးသောအခါ လှေတွင်အစောင့်နတ်ဖြစ်သည်ဟု ဆိုသည်။ ၁၁၁၈ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဟံသာဝတီကို သိမ်းသည့်အခါ လှေကြီးကို သိမ်းယူခဲ့ပြီး ရွှေတုံးလှေတော်ဟု အမည်ပေး၍ ဆက်လက်သုံးစွဲခဲ့သည်။ မန္တလေးနန်းတော်သိမ်းအခမ်းအနားတွင် ရွှေတုံးလှေတော်ကြီးသည် မင်းတုန်းမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့ စီးနင်းသည့် ကရဝိက်ဖောင်တော်ကြီး၏ အခြံအရံလှေတော်အဖြစ်လိုက်ပါခဲ့ပြီး ကုန်းဘောင်ခေတ် တစ်ခေတ်လုံး သုံးစွဲခဲ့သည့် လှေကြီးဖြစ်သည်။ သီပေါမင်းလက်ထက်တွင် ရွှေတုံးလှေတော်ဟောင်းနွမ်းသဖြင့် အခမ်းအနားအစီအရင် ပေါင်းများစွာဖြင့် အသစ်တစ်ဖန် ပြန်လည်တည်ဆောက်သည်ကိုလည်း တွေ့ရသည်။ သီပေါမင်းလက်ထက် ရေတပ်ဗိုလ်ချုပ်ဖြစ်သူ စလေမြို့စားမင်းကြီး သီရိမဟာဇေယျကျော်ထင် လှေသင်းအတွင်းဝန် ဦးရွှေမောင်သည် ဘုရားကြီးအောက်ကျင်းရပ် တက်သေးအင်းစောင်းရှိ ဥယျာဉ်ကြီးအတွင်း နေထိုင်ခဲ့သည်။

အင်္ဂလိပ် - မြန်မာတတိယစစ်ပွဲတွင် လက်သစ်လှေသင်းဗိုလ် မဟာမင်းလှသိဒ္ဓိကျော်စွာသည် ထူးပေါက်ကတုတ်မှလည်းကောင်း၊ လက်ရွေးကြီးလှေသင်းဗိုလ် မင်းထင်မင်းလှရဲခေါင်သူရိန်သည် မင်းလှခံတပ်မှလည်းကောင်း၊ ပြည်လုံးအုံ့လှေသင်း ဗိုလ်မင်းကျော်သိဒ္ဓိရန်အောင်သည် ဂွေးချောင်းခံတပ်မှလည်းကောင်း ခုခံတိုက်ခိုက်ခဲ့ကြသည်။ တက်သေးအင်းရေပြင်သည် နယ်ချဲ့ဆန့်ကျင်ရေး အငွေ့အသက်များဖြင့် ယနေ့တိုင်ထုံမွှမ်းလျက်ရှိသော ရေပြင်ဖြစ်ပါသည်။

### ဖူးမြော် လှေ့လာနိုင်

တက်သေးအင်းရေပြင်မှအရှေ့ဘက်ရှုခင်းတွင် ရှမ်းရိုးမတောင်တန်းကို နောက်ခံထား၍ မဟာမုနိဘုရားရှင်စံရာ ရွှေကျောင်းတော်၊ အာနန္ဒာဘုရား၊ စန္ဒာမုနိဘုရား၊ တောင်ဘက်ရှုခင်းတွင် ရွှေရင်းရဲဘုရား၊ ဆင်ကြိုရွှေဂူကပ်ကျော်စေတီ၊ တောင်မြို့ပုထိုးတော်ကြီးဘုရားနှင့် အမရပူရနန်းတော်ရာ၊ အနောက်ဘက်ရှုခင်းတွင် စစ်ကိုင်းတောင်တန်းနှင့် ဘုရားပုထိုးစေတီများ၊ အင်းအတွင်းပိုင်းတွင် စာဆိုရှင်အနောက်နန်းမိဖုရားမမြလေး၏ ရေလယ်ကုသိနာရုံစေတီ၊ ဘိုးတော်ဘုရားကောင်းမှုသာယာရွှေဂူစေတီတို့ကိုဖူးမြော်နိုင်မည်ဖြစ်ပြီး မြောက်ဘက်ရှုခင်းတွင် မန္တလေးမြို့ပြအဆောက်အအုံများ၊ မန္တလေးဈေးချိုတော်နှင့် မန္တလေးတောင်တော်စသည့် လှပသောရှုခင်းများကို ကြည့်ရှုခံစားရမည်ဖြစ်သည်။ အရှေ့ဘက်ကမ်းတစ်လျှောက်တွင် ကျောက်ဆစ်လုပ်ငန်း၊ ကြေးသွန်းလုပ်ငန်း၊ ပန်တည်းလုပ်ငန်း၊ ပန်းချီ၊ ပန်းပုလုပ်ငန်းများကို လေ့လာနိုင်မည်ဖြစ်သည်။ အင်းကြီး၏ တောင်ဘက်တာရိုးမှ ကြည့်ပါက အင်းရေပြင်နှင့် ပေါင်းစပ်ထားသည့် မန္တလေးမြို့ကြီး၏ အလှသည်ခမ်းနား



ခြင်္သေ့ကြီးနှစ်ကောင်စောင်းတန်း။

လှပသည့် ပန်းချီကားတစ်ချပ်ဖြစ်ပါသည်။

### တက်သေးအင်းအမည် မှ ကန်တော်ကြီးအမည်သို့

တက်သေးအင်းကို ၁၉၀၉ ခုနှစ် အင်္ဂလိပ်အစိုးရခေတ်တွင် အင်းမြေပုံ၊ အင်းနယ်နိမိတ်များ ရေးဆွဲသတ်မှတ်ပြီး လေလံတင်ရောင်းချခဲ့သည်ဟု သိရသည်။ ၁၉၈၉-၁၉၉၀ ပြည့်နှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာနသို့ လေလံအင်းအဖြစ် လွှဲပြောင်းခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနက နှစ်စဉ်လေလံတင်ရောင်းချခဲ့သည်။ ၁၉၈၉-၁၉၉၀ ပြည့်နှစ်တွင် သံလျက်မော်ရပ်နေ ဦးအောင်ကျော်က ၁၂၀၀ ကျပ်၊ ၁၉၉၀-၉၁ခုနှစ်တွင် သံလျက်မော်ရပ်နေ ဦးသောင်းမြင့်က ၃၁၀၀၀ ကျပ်ဖြင့် လည်းကောင်း၊ ၁၉၉၁-၁၉၉၂ ခုနှစ်မှ ၁၉၉၅-၁၉၉၆ ခုနှစ်အထိ ခြောက်နှစ်ဆက်၍ ဦးတင်မြင့်က ၃၂၀၀၀ ကျပ်၊ ၄၀၀၀၀ကျပ်၊ ၇၆၀၀၀၀ ကျပ်၊ ၈၃၆၀၀၀ကျပ်၊ ၉၁၉၆၀၀ ကျပ်တို့ဖြင့်လည်းကောင်း လေလံဆွဲဝယ်ခဲ့ကြောင်း တွေ့ရသည်။ ၁၉၉၆ခုနှစ်တွင် မန္တလေးမြို့ ကွက်သစ်တိုးချဲ့ တည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ရာတွင် တက်သေးအင်းသည် မန္တလေးမြို့တော် စည်ပင်သာယာ ရေး နယ်နိမိတ်အတွင်း ကျရောက်နေသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာန အမိန့်ကြော်ငြာစာအမှတ်-၆/၉၆ ဖြင့် အင်းစာရင်းမှ ပယ်ဖျက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်တီသို့ လွှဲပြောင်းပေးခဲ့သည်။ ၁၉၉၇ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် **တက်သေးအင်းအမည်မှ မန္တလေးကန်တော်ကြီးအမည်သို့** ပြောင်းလဲခဲ့ပါသည်။ သားငါးထုတ်လုပ်မှု လျော့နည်းမှုမရှိစေရေးအတွက် စည်ပင်သာရေးကော်မတီမှ ငါးမွေးမြူရေးလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ဧက ၂၅၀ ဖြင့် စတင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဧက ၄၅၀ အထိ မွေးမြူထားပြီး ဖြစ်သည်။ ကန်တော်ကြီး မြောက်ဘက်ခြမ်းကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စည်ပင်သာယာရေးကော်မတီက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ လွှဲပြောင်းပေးခဲ့ပြီး ငါးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၂၇၄ ဒသမ ၄၁ ဧကကို မွေးမြူထားပြီးဖြစ်သည်။ ကန်တော်ကြီးအလယ်မှဖြတ်၍ လူသွားစင်္ကြံပလက်ဖောင်းပါ လေးလမ်းသွားကားလမ်းရှိပြီး ရောဝတီမြစ်ရေတားတာရိုးကြီးနှင့် ကန်၏တောင်ဘက်ပိုင်းတွင် ဆက်သွယ်ထားသည်။ စစ်ကိုင်း- မန္တလေးခရီးအတွက် အရေးပါသော ကားလမ်းတစ်ခုလည်း ဖြစ်ပါသည်။

### တာဝန်ထမ်းဆောင်ဆဲ

ယနေ့ မန္တလေးကန်တော်ကြီးသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မြင်ကွင်းများဖြင့် လှပတင့်တယ်နေဆဲဖြစ်ပြီး မန္တလေးမြို့ကြီး၏ အလှကို ပိုမိုပြည့်စုံအောင် အားဖြည့်ပေးလျက်ရှိပါသည်။

အခါအားလျော်စွာ ကျင်းပလေ့ရှိသည့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲများ ကျင်းပရာနေရာကောင်းတစ်ခုဖြစ်ပြီး ပြည်သူများအတွက် နေ့စဉ်လိုအပ်သောငါးရိက္ခာများ ထုတ်လုပ်ပေးလျက်ရှိသည်။ ပြည်တွင်းပြည်ပခရီးသွားများအတွက် အပန်းဖြေအနားယူစရာ နေရာကောင်းတစ်ခုဖြစ်ပြီး ရေချိုအရင်းအမြစ်တစ်ခုအဖြစ် **တာဝန်ထမ်းဆောင်ဆဲ** ဖြစ်ပါသည်။

### အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ကာကွယ်ထိန်းသိမ်းကြပါစို့

မန္တလေးတောင်နှင့်မန္တလေးကန်တော်ကြီးကဲ့သို့ သမိုင်းတန်ဖိုးကြီးမားပြီး သဘာဝသယံဇာတများ၊ သဘာဝအလှတရားများနှင့် ပြည့်စုံသော တောတောင်သဘာဝရေမြေများသည် စာရှုသူတို့၏ နယ်မြေအသီးသီးတွင် မုချကေန်တည်ရှိနေမည်ဖြစ်သည်။ ရှာဖွေဖော်ထုတ်၍ ထိန်းသိမ်းပြုစုသင့်ပြီး၊ ထိန်းသိမ်းပြုစုနိုင်ရေးအတွက်လည်း တိုက်တွန်းနှိုးဆော်ရမည် ဖြစ်ပါသည်။ နောင်လာမည့် အနာဂတ်မျိုးဆက်များသို့ လက်ဆင့်ကမ်းအမွေ ပေးဆောင်နိုင်ရေးအတွက် သဘာဝသယံဇာတများ၊ ယဉ်ကျေးမှု အမွေအနှစ်များကို ရေရှည်တည်တံ့စေရန် **"အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကာကွယ်ထိန်းသိမ်းကြပါစို့"** ဟု ရေးသားတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။ ။

# ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက် စက်သုံးဆီများပုံမှန်တင်သွင်းဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၉**

စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်သုံးဆီတင်သွင်းမှုအခြေအနေမှာ အောက်တိုဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT Glory Star သင်္ဘောသည် ပရီမီယံဒီဇယ်ဆီ ၁ ဒသမ ၃၉ ဂါလန်သန်း ဆီချလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ဓာတ်ဆီ 92 Ron ၀ ဒသမ ၅၀ ဂါလန်သန်းနှင့် ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၁၂ ဂါလန်သန်း တင်ဆောင်လာသည့် MT Fly Marlin သင်္ဘော၊ ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၇၃ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၅၅ ဂါလန်သန်း တင်ဆောင်လာသည့် MT Beluga Pacific သင်္ဘောနှင့် ဓာတ်ဆီ 92 Ron ၁ ဒသမ ၈၄ ဂါလန်သန်း၊ ရိုးရိုးဒီဇယ်ဆီ ၂ ဒသမ ၁၄ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၁ ဒသမ ၀၆ ဂါလန်သန်း တင်ဆောင်လာသည့် MT Yu Hai သင်္ဘောတို့သည် အောက်တိုဘာ ၁၉ ရက်တွင် သက်ဆိုင်ရာ Terminal များသို့ ဆိုက်ကပ်၍ ဆီချလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ရန်ကုန်၊ သီလဝါ ဆီလှောင်ကန် လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန် အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

စက်သုံးဆီ ဈေးနှုန်းများအနေဖြင့် ယခုရက်သတ္တပတ်တွင် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ အနည်းငယ် မြင့်တက်လာသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ သိသိသာသာ ပြောင်းလဲမှုမရှိကြောင်း သတင်းရရှိသည်။

# မင်းဘူးမြို့နယ်၌ မန်ကျည်းယိုလုပ်ငန်းအကျိုးအမြတ်ရရှိနေ

**မင်းဘူး အောက်တိုဘာ ၁၉**

မင်းဘူးမြို့နယ် ထောက်ရှာပင်ကျေးရွာရှိ မိသားစုတစ်နိုင်တစ်ပိုင် မန်ကျည်းယိုထုတ်လုပ်မှုနှင့် အကျိုးအမြတ်ရရှိမှုအခြေအနေများအား သိရှိရန်အတွက်"အောင်"မန်ကျည်းယိုလုပ်ငန်းသို့ သွားရောက်၍ ထုတ်လုပ်ပုံအဆင့်ဆင့်များကို မေးမြန်းခဲ့ရာ ပထမဦးစွာကုန်ကြမ်းဖြစ်သော မန်ကျည်းသီးကိုပြန်လည်သန့်စင်ပြီး အသားကြိတ်စက်ဖြင့် ကြိတ်ရကြောင်း၊ ထန်းလျက်အမည်းကို ကျိုချက်၍ ရရှိလာသော ထန်းလျက်ရည်နှင့် ကြိတ်ပြီးသော မန်ကျည်းသီးရော၍ ပြန်လည်ကျိုချက်ရကြောင်း၊ ဆားအနည်းငယ်ထည့်ရပြီး ရောကျိုထားသောအရည်များ ပြစ်ခဲလာပါက လင်ပန်းထဲသို့ ထည့်ရကြောင်း၊ အပူချိန်အနေတော်ရှိသည့် အချိန်တွင် အနံ့၊ ဆေးသကြားလုံးဝမထည့်ဘဲ သကြားဖြူး၍ အလုံးသေးသေးများလုံးရကြောင်း၊ လုံးပြီးသား မန်ကျည်းလုံးများကို နေနှစ်ရက်ခန့်လှန်းပြီးနောက် မန်ကျည်းယိုများကို အထုပ်ထုတ်ရကြောင်း၊ မန်ကျည်းသီး နှစ်ပိဿာလျှင် ထန်းလျက်နှစ်ပိဿာ၊ သကြားနှစ်ပိဿာနှင့် ဆားအနည်းငယ်ထည့်ရပြီး အထုပ် ၆၀၀ ထွက်ရှိကြောင်း၊ မန်ကျည်းယိုထုပ် ခြောက်ထုပ်တစ်တွဲတွဲ၍ တစ်တွဲလျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချကြောင်း၊ မန်ကျည်းသီး တစ်ပိဿာ ကျပ် ၄၀၀၀ ၊ ထန်းလျက်တစ်ပိဿာ ကျပ် ၄၀၀၀ နှင့် သကြားတစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရပြီး ထုပ်ပိုးသည့်အိတ်နှင့် တံဆိပ် ကုန်ကျစရိတ်မှာ ကျပ် ၈၀၀၀ ရှိကြောင်း၊ လုပ်သားတစ်ဦးလျှင် ကျပ် ၃၅၀၀ ဖြင့်တစ်ဦးသာငှားရမ်းပြီး မိသားစုလုပ်အားဖြင့် လုပ်ကိုင်ကြောင်း၊ ထုပ်ပိုးပြီးသား မန်ကျည်းယိုများကို မကွေးနှင့် မင်းဘူးမြို့မဈေးများသို့ လက်ကားရောင်းချကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ကျပ် ၃၃၅၀၀ ကုန်ကျပြီး မန်ကျည်းတွဲ ၁၀၀ ရောင်းရငွေကျပ် ၅၀၀၀၀ ရရှိသဖြင့် မိသားစု လုပ်အားခပါ အကျိုးအမြတ်အနေဖြင့် ကျပ် ၁၆၅၀၀ ရရှိသည်။ **DOCA(မကွေး)**

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်က အောက်တိုဘာ ၁ ရက်မှ ၁၈ ရက်အထိ Form E ၃၈၂ စောင် ထုတ်ပေး

**မူဆယ် အောက်တိုဘာ ၁၉**

ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်သည့်အပြင် ကုန်သွယ်ရေးစခန်းများတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုပေးလျက်ရှိသည်။ အောက်တိုဘာ ၁၈ ရက်တွင် လာရောက်လျှောက်ထားမှုများမှ သွင်းကုန်လိုင်စင် ၁၈ စောင်၊ ၀ ဒသမ ၇၀၅ ယွမ်သန်းတန်ဖိုးရှိသည့် ပန်းသီး၊ လိမ္မော်သီး၊ Carnation ပန်း၊ ဆိုင်ကယ်အပိုပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းတို့အား ခွင့်ပြုထုတ်ပေးခဲ့သည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်ရရှိရန်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form E ကို တင်ပို့သူမှ တောင်းခံလာပါက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။ အောက်တိုဘာ ၁၈ ရက်တွင် Form E ထုတ်ပေးမှုမှာ ၁၆ စောင်ဖြစ်ပြီး ဝါဂွမ်း တစ်စောင် ၊ ကဏန်း ငါးစောင်၊ ငါးရှဥ့် ခုနစ်စောင် ၊ ပြောင်း နှစ်စောင်၊ LITSEA CUBEBA OIL တစ်စောင် တန်ဖိုး (၂ ဒသမ ၅၇၀) ယွမ်သန်းတို့အား ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၈ ရက်အထိ Form E ၃၈၂ စောင် ထုတ်ပေးခဲ့သည်။

အောက်တိုဘာ ၁၈ ရက်တွင် ပို့ကုန်ယာဉ်စီးရေ ၂၈ စီး၊ သွင်းကုန်ယာဉ်စီးရေ ၃၆ စီး စုစုပေါင်း ၆၄ စီး ကုန်သွယ်မှုဆောင်ရွက်ခဲ့ကြသည်။ အဓိကပို့ကုန်ပစ္စည်း တင်ဆောင်သည့်ယာဉ်များမှာ ပြောင်း တစ်စီး၊ ရော်ဘာ သုံးစီး၊ ငါးရှဥ့် ခုနစ်စီး၊ ကဏန်း ငါးစီး၊ ဆန် ခြောက်စီး၊ ဆန်ကွဲ လေးစီးနှင့် အများဆုံးသွင်းကုန်ပစ္စည်း တင်ဆောင်သည့်ယာဉ်များမှာ ယာဉ်နှင့် ယန္တရားများ တစ်စီး၊ လိမ္မော်သီး ၁၀ စီး၊ ပန်းသီး ငါးစီး၊ သစ်တော်သီး နှစ်စီး၊ စက်နှင့် စက်ပစ္စည်း နှစ်စီး၊ လူသုံးကုန်ပစ္စည်းများ နှစ်စီးတို့ဖြစ်သည်။

ယနေ့ငွေကြေးပေါက်ဈေးအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၂၂ ကျပ်ဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

## ၁၉.၁၀.၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည်) | | ဆီ (တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၄၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၂၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၄၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၂၃၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၆၄၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၂၀၀ | | ၁၃၅၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၂၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၆၀၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၈၅၀၀ | ၂၆၂၅၅၀၀ |
| ၅ | လွိုင်ကော် | ၂၆၀၀ | ၂၂၀၀ | ၁၂၅၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၄၀၀၀ | ၄၀၀၀ | | ၄၃၀၀ | ၂၀၀၀ | ၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၆၇၀၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၅၀၀၀ | ၆၆၀၀ | ၁၇၈၀၀ | ၃၆၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၇၀၀ | ၂၈၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၅၉၅၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၅၈၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၉၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၈၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၀၀၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၅၁၀၀ | ၄၇၀၀ | ၂၅၀၀ | ၈၀၀ | ၆၉၀၀ | ၄၅၀၀ | ၄၃၀၀ | ၂၉၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၀၀၀၀၀ |
| ၁၀ | ရန်ကုန် | ၁၉၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၁၉၄၄၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၀၀ | ၁၇၅၀ | ၁၃၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၀၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၇၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၇၀၀ | | ၁၀၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၃၃၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၅၀၀ | ၈၀၀ | ၅၃၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၃၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၇၀၀၀ | ၂၅၀၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၃၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၅၈၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၀၀၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၅၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၆၀၀ | ၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၀၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၅၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၁၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၅၀၀၀၀ |
| ၁၉ | ပဲခူး | ၁၉၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၆၃၀၀ | ၄၉၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၀၅၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၁၀၀ | | ၁၃၀၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၄၀၀ | ၃၆၀၀ | ၄၅၀၀ | ၄၀၀၀ | ၁၄၀၀ | ၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၃၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၁၀၀ | | ၁၃၂၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၅၀၀ | ၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၈၅၀၀ | ၂၆၃၀၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | | ၄၀၀၀ | ၃၈၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၃၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၀၀၀၀၀ |

မှတ်ချက်။
(၁) ကြက်သွန်နီ တစ်ပိဿာလျှင် ရန်ကုန်တွင် ၅၀၀ ကျပ်၊ မြေပဲဆန်နှင့် အာလူးတစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ ကျပ်၊ သကြားတစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ ကျပ် ဈေးတက်ခဲ့ပါသည်။
(၂) စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀ ကျပ်၊ ပုသိမ်တွင် ၇၀၀ ကျပ်၊ ပဲခူးတွင် ၁၀၀ ကျပ်၊ ကလေးတွင် ၅၀၀ ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကလေးတွင် ၅၀၀ ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ ကျပ်၊ ပုသိမ်တွင် ၅၀၀ ကျပ်၊ (ကြူကုတ်)တစ်ပိဿာလျှင် ပုသိမ်တွင် ၅၀၀ ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် မော်လမြိုင်တွင် ၅၀၀ ကျပ်၊ အာလူးတစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ ကျပ် ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## အိန္ဒိယနိုင်ငံ၌ ဘုရားဖူးများတင်ဆောင်လာသော ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ခုနစ်ဦး သေဆုံး

**နယူးဒေလီ အောက်တိုဘာ ၁၉**

အိန္ဒိယနိုင်ငံ ဟိမဝန္တာဒေသရှိ ကေဒါရ်နတ်သို့ ဘုရားဖူးများ တင်ဆောင်လာသော ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုကြောင့် ခုနစ်ဦး သေဆုံးကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။



ဥတ္တရာခန်းပြည်နယ်၌ ရဟတ်ယာဉ်ပျက်ကျပြီးနောက် အပျက်အစီး အပိုင်းအစများကို တွေ့ရစဉ်။

အဆိုပါ ရဟတ်ယာဉ်မှာ အောက်တိုဘာ ၁၈ ရက်က အိန္ဒိယနိုင်ငံ ဥတ္တရာခန်းပြည်နယ်၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်မှူးအပါအဝင် ရဟတ်ယာဉ်ပေါ်ပါ ဘုရားဖူးခြောက်ဦးစလုံး သေဆုံးခဲ့ကြောင်း ဒေသရဲတပ်ဖွဲ့က ပြောသည်။

ရဟတ်ယာဉ် ပျက်ကျရခြင်း အကြောင်းရင်းကို အတိအကျ မသိရှိရသေးကြောင်းနှင့် ရာသီဥတုဆိုးရွားမှုက ထိုကဲ့သို့ ပျက်ကျရခြင်း အကြောင်းရင်းတစ်ခု ဖြစ်နိုင်ကြောင်း အာဏာပိုင်များက ပြောသည်။ ကေဒါရ်နတ်သည် ဘုရာဖူးများ အဓိကလာရောက်သည့် နေရာတစ်ခုဖြစ်ပြီး နှစ်စဉ် ဆောင်းရာသီတွင် ပိတ်သောကြောင့် ဘုရားဖူးအများစုမှာ ယခုနှစ်ဘုရားဖူး ခွင့်ပြုစဉ်အတွင်း ကေဒါရ်နတ်ရှိ ဟိန္ဒူဘုရားကျောင်းသို့ လာရောက်လည်ပတ်ကြကြောင်း သိရသည်။


အဆိုပါနေရာသည် မြင့်မားသော တောင်တန်းများကြားတွင် တည်ရှိပြီး ခရီးသည်အများစုမှာ မကြာသေးမီက ထိုနေရာသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကြကြောင်းလည်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ၂၀၃၆ နွေရာသီအိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး ကမ်းလှမ်းသွားရန် တောင်ကိုရီးယား စီစဉ်နေ

**ဆိုးလ် အောက်တိုဘာ ၁၉**

၂၀၃၆ ခုနှစ်တွင် ကျင်းပမည့် နွေရာသီ အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကမ်းလှမ်းသွားရန် စီစဉ်နေကြောင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်အစိုးရက ပြောသည်။



၁၉၈၈ ခုနှစ်က ဆိုးလ်မြို့၌ လက်ခံကျင်းပခဲ့သော နွေရာသီအိုလံပစ်ပြိုင်ပွဲ၏ သင်္ကေတတစ်ခုဟု ခေါ်ဆိုသည့် ဂျမ်ဆီးလ်အိုလံပစ်ကွင်းအနီးဝန်းကျင်ကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် မြို့တော်အစိုးရအနေဖြင့် ပြင်ဆင်နေကြောင်း ဆိုးလ်မြို့တော်ဝန် အိုဆီဟွန်းက အောက်တိုဘာ ၁၈ ရက်တွင် ပြောသည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် နောက်ထပ်ကျင်းပပြုလုပ်မည့် ဆိုးလ်အိုလံပစ်ပြိုင်ပွဲအတွက် စတင်မှုအသစ်တစ်ခု ဖြစ်လာလိမ့်မည်ဟု ၎င်းက ဆက်ပြောသည်။

အမျိုးသားအိုလံပစ်ကော်မတီများအဖွဲ့ (အေအင်န်အိုစီ) ၏ (၂၆) ကြိမ်မြောက် အထွေထွေညီလာခံကို အောက်တိုဘာ ၁၈ ရက်မှ စတင်ကာ ဆိုးလ်မြို့၌ ကျင်းပနေပြီဖြစ်ကြောင်း သိရသည်။ ဆိုးလ်မြို့တော်ဝန်သည် လေးရက်ကြာ ပြုလုပ်မည့် အမျိုးသားအိုလံပစ်ကော်မတီများအဖွဲ့၏ အထွေထွေညီလာခံအတွင်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၄၄ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ အောက်တိုဘာ ၁၉ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၃၇၉ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၃၉၈၇၃၁၆ ဦးအထိ ရှိလာပြီဖြစ်သည်။



လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၃၃၄၇ ဦးအထိ ကျဆင်းခဲ့ကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၄၄ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုကြောင့် သေဆုံးသူပေါင်းမှာ ၆၃၆၂၅ ဦးအထိ ရောက်ရှိလာသည်။

လူဦးရေ ၁၃ သန်းကျော် နေထိုင်သည့် မြို့တော်မနီလာ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၄၇၂ ဦးရှိသည်။ မြို့တော် မနီလာ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် အကျဘက်သို့ ရောက်လာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်ကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးရက်အဖြစ် မှတ်တမ်းတင်ဖော်ပြခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၉၀၀၄ ဦး ရှိခဲ့သည်။

လူဦးရေ သန်း ၁၁၀ နီးပါး မှီတင်းနေထိုင်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ ၇၃ ဒသမ ၄ သန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးပြီဖြစ်သည်။ **ဆင်ဟွာ**

## နယူးဇီလန်နိုင်ငံ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို အားကောင်းအောင် လုပ်ဆောင်သွားမည်

**ဝယ်လင်တန် အောက်တိုဘာ ၁၉**

နယူးဇီလန်အစိုးရသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို အားကောင်းအောင် လုပ်ဆောင်လျက်ရှိသည်ဟု တရားရေးဝန်ကြီး ကီလီအယ်လန်က အောက်တိုဘာ ၁၉ ရက်တွင် ပြောသည်။

ပြီးခဲ့သည့်နှစ်က အော့ကလန်မြို့ရှိ လင်းမော်လ်ဈေးဝယ်စင်တာကြီးတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် နယူးဇီလန်နိုင်ငံလုံခြုံရေးအတွက် ခြိမ်းခြောက်မှုရှိကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့အနေဖြင့် အကြမ်းဖက်တိုက်ဖျက်မှုဥပဒေကို မည်သို့တင်းကျပ်အောင် လုပ်ဆောင်သွားမည်ကို သုံးသပ်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယခုလုပ်ဆောင်မည့် ပြောင်းလဲမှုများသည် ထိန်းချုပ်မှုဥပဒေကို ပိုမိုအကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပြီး အကြမ်းဖက်မှု လုပ်ဆောင်နိုင်ဖွယ်ရှိသည့် လူများကိုလည်း အကြမ်းဖက်မှုများ မလုပ်ဆောင်နိုင်အောင် ကန့်သတ်ပေးနိုင်မည်ဟု ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်၌ အရန်ထားရှိသည့် ရေနံစည်ပေါင်း သန်းနှင့်ချီ၍ ရောင်းချပေးတော့မည်

**ဝါရှင်တန် အောက်တိုဘာ ၁၉** – စက်သုံးဆီဈေးနှုန်း မြင့်မားခြင်းကို တားဆီးရန်အတွက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့သည် အရန်ထားရှိသည့် ရေနံစည်ပေါင်း သန်းနှင့်ချီ၍ ရောင်းချပေးသွားဖွယ်ရှိသည်။ ဒီဇင်ဘာလတွင် ရေနံစည်ပေါင်း ၁၅ သန်းကို ရောင်းချသွားရန် အမေရိကန်အစိုးရက စီစဉ်ထားသည်။

နွေဦးအရောက်တွင် ရေနံစည်ပေါင်း သန်း ၁၈၀ ကို ရောင်းချပေးပြီးဖြစ်မည်ဖြစ်သည်။ အိုပက်အဖွဲ့ကြီးနှင့် မဟာမိတ်အဖွဲ့များက ရေနံထုတ်လုပ်မှုကို တစ်နေ့လျှင် စည်ပေါင်းနှစ်သန်း ထုတ်လုပ်မှုလျှော့ချရန် ဆုံးဖြတ်ထားရာ ယင်းဆုံးဖြတ်ချက်ကို ပြန်လည်တုံ့ပြန်ရန်အတွက် ယခုလိုစီစဉ်ခဲ့ခြင်းဖြစ်သည်။ အိုပက်ပလက်စ် ( OPEC PlUS ) အဖွဲ့ကြီး၏ ဆုံးဖြတ်ချက်ကြောင့် ရေနံဈေးတက်လာနိုင်သည့်အတွက် အမေရိကန်က ဆန့်ကျင်ခဲ့သည်။

လောင်စာဈေးနှုန်းများကို ထိန်းချုပ်ထားနိုင်ရန်အတွက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုအပ်ပါက နောက်ထပ်ရေနံစည်ပေါင်း သန်းပေါင်းများစွာကို ထုတ်ရောင်းချသွားရန်လည်း စဉ်းစားသွားနိုင်သည်ဟု အိမ်ဖြူတော်က ပြောသည်။

**အင်န်အိတ်ချ်ကေ**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကို ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယအမြဲတမ်းကိုယ်စားလှယ် ရူချီရာကမ်ဘို့ချ် ကြိုဆိုစဉ်။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ် အိန္ဒိယသို့ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိ

**နယူးဒေလီ အောက်တိုဘာ ၁၉** –ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် အောက်တိုဘာ ၁၈ ရက် နှောင်းပိုင်းက အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့သည်ဟု အိန္ဒိယနိုင်ငံ ပြည်ပရေးရာဆက်ဆံရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ အန်တိုနီယိုဂူတာရက်စ်သည် အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီး ရောက်ရှိလာခြင်းဖြစ်သည်။

ယခုခရီးစဉ်သည် မစ္စတာဂူတာရက်စ်အတွက် ၂၀၂၂ ခုနှစ် အတွင်းရေးမှူးချုပ်အဖြစ် ဒုတိယသက်တမ်း တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ ပထမဦးဆုံးအကြိမ် အိန္ဒိယသို့ အလည်အပတ်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခုခရီးစဉ်အတွင်း မစ္စတာဂူတာရက်စ်သည် အောက်တိုဘာ ၂၀ ရက်တွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့်အတူ မစ်ရှင်လိုက်ဖ်ဟု အမည်ပေးထားသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူနေမှုပုံစံအတွက် စာစောင်ငယ်နှင့် လိုဂိုမိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## လာအို၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု ဆက်လက်မြင့်တက်

**ဗီယင်ကျန်း အောက်တိုဘာ ၁၉** – လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်မြင့်တက်လျက်ရှိပြီး တစ်ဦးသေဆုံးခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၉ ရက်တွင် ပြောသည်။

လာအိုကျန်းမာရေးဝန်ကြီးဌာန၏ အစီရင်ခံတင်ပြချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ထပ်မံအတည်ပြုကူးစက်ခံရသူ ၁၂၈ ဦးရှိပြီး တစ်ဦးသေဆုံးကြောင်း သိရသည်။ ထို့ကြောင့် လာအိုနိုင်ငံတစ်ဝန်း အောက်တိုဘာ ၁၉ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၈၆၅၈ ဦးအထိ ရှိလာပြီး သေဆုံးသူ ၂၂ ဦးရှိသည်ဟု ဆိုသည်။

**ဆင်ဟွာ**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ ဆုရရှိခဲ့သူများနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများကို ဂုဏ်ပြု

**မန္တလေး အောက်တိုဘာ ၁၉**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)၌ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဆုရရှိခဲ့သူများနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ယနေ့ ညနေပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)၌ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင်များအတွက် ကျန်းမာရေး အထောက်အကူပြု ဆေးပစ္စည်းများနှင့် ကူညီပံ့ပိုးပေးခဲ့သူ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီးနောက် ပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက ပြိုင်ပွဲယှဉ်ပြိုင်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ဒိုင်အဖွဲ့နှင့် အုပ်ချုပ်သူအဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဆုရရှိသူများကိုယ်စား ရာမယဏ ဇာတ်တော်ကြီးအဖွဲ့မှဒေါ်ဇာနည်အောင်က ကျေးဇူးတင်စကားပြောကြားပြီးနောက် ပထမဆု ထိုက်တန်စွာ ရရှိခဲ့သည့် ရာမယဏဇာတ်တော်ကြီး၏ ဇာတ်ဝင်ခန်းအချို့ကို ပြသခဲ့ပြီး မြို့မတီးဝိုင်းမှ သာယာနာပျော်ဖွယ် တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ပြီး ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**



(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဝင်ရောက်ယှဉ်ပြိုင်သူ ၂၂၀ ရှိကာ ပြိုင်ပွဲအမျိုးအစားအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြရာ စုစုပေါင်းဆုတံဆိပ် ၈၈ ခု ရရှိခဲ့ကြောင်း၊ ရာမယဏဇာတ်တော်ကြီးကို အကောင်းဆုံးတင်ဆက်နိုင်ခဲ့ပြီး ပထမဆုကြီးကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေကို စိုက်ပျိုးမွေးမြူရေးအခြေခံသော ဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ဆည်ရေသောက် စနစ်များတွင် ရေလေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ စိုက်ခင်းများ၏ ရေလိုအပ်ချက်နှင့် ရေပေးဝေမှုဟန်ချက်ညီစေရေး၊ ရေသောက်စနစ်အတွင်းရှိ စိုက်ကွင်းများအားလုံး စိုက်ပျိုးရေ အညီအမျှရရှိသုံးစွဲနိုင်ရေးအတွက် ဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေး ရှေ့ပြေးဧရိယာ စနစ်တကျ လယ်ယာမြေဧက ၁၂၀ ကို လယ်ဝေးမြို့နယ် ချောင်းမငယ် ဆည်ရေသောက်စနစ်၊ လက်တံမြောင်းအမှတ်(၁၁)တွင် ဆောင်ရွက်ထားရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို စိုက်ပျိုးမွေးမြူရေးအခြေခံသော ဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မျိုးစေ့ သွင်းအားစုနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာရပ်များ၊ စိုက်ပျိုးရေ အသုံးချမှုဆိုင်ရာ နည်းပညာရပ်များကို ဒေသနေတောင်သူများ စနစ်တကျလေ့လာနိုင်ရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။



လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စုရှိ အဆိုပါဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေး ရှေ့ပြေးဧရိယာ စနစ်တကျ လယ်ယာမြေ ဧက ၁၂၀ တွင် မိုးစပါး တစ်ဧက တင်း ၁၀၀ နှုန်း ထွက်ရှိရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ(၁:၃) ရောစပ်ကြဲပက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ဒေသနေတောင်သူ လယ်သမားများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လက်ရှိ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော ကုန်စျေးနှုန်းကြီးမြင့်လာမှုနှင့်အတူ သွင်းအားစုစျေးနှုန်းများနှင့် ထွက်ရှိလာသည့် သီးနှံများ စျေးကောင်းရရှိနေမှု အခြေအနေများ၊ သွင်းအားစုစရိတ် လျှော့ချနိုင်ရေးနှင့် တစ်ဧကချင်း၏ ထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာများ စနစ်တကျ လိုက်နာအသုံးပြုဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မှု အခွင့်အလမ်းများကို ဆွေးနွေးပြောကြားပြီး အခမ်းအနား တက်ရောက်လာသော တောင်သူများနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာများကို ခင်မင်ရင်းနှီးစွာ အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ချောင်းမငယ် ဆည်ရေသောက်စနစ်၊ လက်တံမြောင်းအမှတ်(၁၁)တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေး ရှေ့ပြေးဧရိယာတွင် တူးမြောင်းပုံစံကျ တူးဖော်ပြုပြင်ခြင်း၊ မြေသားတူးမြောင်းများ လိုင်နင်စီခြင်း၊ တူးမြောင်းအတွင်း ရေမှတ်တိုင်စိုက်ထူခြင်း၊ ရေပေးပြွန်များ ပြန်လည်စိစစ်ခြင်းနှင့် ရေတံခါးများတပ်ဆင်ခြင်း၊ ရေအသုံးချသူများအဖွဲ့ WUG များ ထပ်မံဖွဲ့စည်းခြင်းနှင့် တောင်သူပူးပေါင်းပါဝင်သော ရေစီမံခန့်ခွဲမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့် ဒေသနေတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်ရွှေဈေးလှေဆိပ်ချောင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်

**ညောင်ရွှေ အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် ညောင်ရွှေမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှုမှကာကွယ်ရေး၊ မြို့တွင်းရေမြောင်းစနစ်များ စနစ်တကျလည်ပတ်စီးဆင်းစေရေးနှင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရေး ရည်ရွယ်၍ ဈေးလှေဆိပ်ချောင်းအတွင်းရှိ ဗေဒါများကို မြို့နယ်စည်ပင်သာယာရေးဌာန လုပ်သားဝန်ထမ်းများဖြင့် အောက်တိုဘာ ၁၉ ရက် နံနက်က ဗေဒါဆယ်ယူခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**



## ကျောက်ဖြူမြို့၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**ကျောက်ဖြူ အောက်တိုဘာ ၁၉**

ကျောက်ဖြူခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား ဥပဒေနှင့်အညီ စက်တင်ဘာလကုန်အထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်း ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများ လျာထား သတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ရခိုင်တိုင်းဒေသကြီး ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။



အစည်းအဝေးတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ စက်တင်ဘာလကုန်အထိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ သေဆုံး၊ ပြောင်းထွက်(၂)ကြိမ်ထပ်၊ (၃)ကြိမ်ထပ်တို့မှ လျှော့သည့် လူဦးရေ ၄၆၉ ဦး၊ လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးဦးရေ ၈၅၅ ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ မြေပြင်ထပ်တိုး ပုံစံ(၆၆/၆)ရှိသူ ၁၂၇ ဦး၊ မြေပြင်တွင် လျော့နည်းသည့် ဦးရေပုံစံ(၆၆/၆) ရှိသူ ၉၁၉ ဦးနှင့် မဲရုံတည်နေရာနှင့် မဲရုံလျာထားမှု ၄၇၇ ရုံနှင့် မဲရုံသုံးပစ္စည်း လိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော တာဝန်ရှိသူများ၏ အကြံပြုဆွေးနွေးတင်ပြမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်းနှင့် ဦးအောင်လွင်ဦးတို့က ဖြည့်စွက်မှာကြားကာ လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၇၇ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၁၉–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၂၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၇၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၀၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၈၈,၈၃၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၂၉,၆၅၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄၆)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၃,၂၆၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၂) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၈–၁၀–၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၆၆၄,၉၅၅) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၆၅,၄၇၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၈–၁၀–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၆၆၄,၉၅၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၆၅,၄၇၅ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေ များကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူ များနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ် ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများ တွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက် ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်းကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး လျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး များနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ် ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက် ရှိရာ ယနေ့တွင် ရန်ကုန်တိုင်း ဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၉၀ ၊ ရေဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၂၁၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံ ပြည်သူ ၁၁၆၂ ဦး၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင် ခုနစ် ခုတို့မှ ဒေသခံပြည်သူ ၇၂၄ ဦး၊ မကွေးတိုင်းဒေသကြီး နတ်မောက် မြို့နယ်၌ ဒေသခံပြည်သူ ၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့ များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း ၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံပေးသည်။




ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့၌ ကျောင်း သား ကျောင်းသူ ၃၆၄ ဦး၊ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့မှ ကျောင်းသား ကျောင်းသူ ၂၄၀ တို့ကို တပ်မတော် မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာန ချုပ်အသီးသီးမှ တာဝန်ရှိသူများ က အခမဲ့ပေးဝေလှူဒါန်းလျက် ရှိရာ ယနေ့တွင် တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့၊ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၊ မကွေးတိုင်းဒေသ ကြီး မကွေးမြို့နှင့် ငဖဲမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာ ပေးဆောင်ရွက်ခြင်း၊ နှာခေါင်း စည်းများ တပ်ဆင်ပြီး သွားလာ ကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်း စည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

## ရန်ကင်းမြို့နယ်၌ ကိုဗစ် - ၁၉ ထပ်ဆောင်း ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**ရန်ကင်း အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ကိုဗစ်–၁၉ရောဂါဖြစ်ပွားမှု များကို ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီက အမှတ်(၁၄) ရပ်ကွက် မိုးကောင်းဘုရားလမ်း မိုးကောင်းဆုတောင်းပြည့်စေတီတော် ဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ဆက်လက်ထိုးနှံပေးလျက် ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း၌ ကာကွယ်ဆေးထိုးနှံ ခြင်းကို ဦးစားပေးအလိုက်၊ ဦးတည်အုပ်စုများအား ကိုဗစ်–၁၉ ကာကွယ် ဆေးထိုးနှံပေးလျက်ရှိရာ Sinopharm/Sinovac ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီး ခြောက်လပြည့်ပြီးသူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ကာကွယ်ဆေး Sinovac နှင့် Covishield ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီး ခြောက်လပြည့်ပြီးသူများအား (Sinopharm)၊ ပထမအကြိမ် ၁၈ နှစ် အထက်များအား (Covaxin)၊ အသက် ၁၅ နှစ်မှ အသက် ၁၈ နှစ်အထိ ကျောင်းပြင်ပကလေးများအား (Sinovac) ကာကွယ်ဆေးများအား အကြိမ်ပြည့်နှင့် ထပ်ဆောင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းရင်းငါးမျိုးစိတ်များ မပျောက်စေရေး ဝိုင်းဝန်းထိန်းသိမ်းပေး

မောင်မော် (သတ္တဗေဒ)

**မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ကုန်းတွင်းရေချိုငါးလုပ်ငန်းလုပ်ကိုင်နိုင်သော ရေပြင်များနှင့် ပင်လယ်ငါးလုပ်ငန်းရေပြင်များကို ပိုင်ဆိုင်ထားရှိသဖြင့် ရေချို၊ ရေငန် ငါးသယံဇာတများကို ပေါကြွယ်ဝစွာ ရရှိထုတ်လုပ်သုံးစွဲနိုင်သော နိုင်ငံဖြစ်ပါသည်။ မြစ်ချောင်းအင်းအိုင်ပေါများပြီး ယင်းမြစ်ချောင်း၊ အင်းအိုင်များ၏ဧရိယာမှာ စတုရန်းကီလိုမီတာ ၈၂၀၀၀ ရှိကြောင်း သိရသည်။**

ငါးသယံဇာတဆိုသည်မှာ ပြန်လည်ဖြည့်တင်းနိုင်သော်လည်း မကုန်မခန်းနိုင်သည့်အရာ မဟုတ်သဖြင့် ငါးဖမ်းဆီးမှုလုပ်ငန်းများကို သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ဖမ်းဆီးဆောင်ရွက်နိုင်ရေးအတွက် ငါးသယံဇာတထိန်းသိမ်းခြင်းကို ဌာန၊ ရေလုပ်ငန်းစီးပွားရေးလုပ်ကိုင်သူများ၊ ရေလုပ်သားပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ အထူးသဖြင့် ဒေသတိုင်းရင်းငါးမျိုးစိတ်များ မပျောက်ပျက်စေရေး ထိန်းသိမ်းကြရန် လိုအပ်ပါသည်။

**ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ**


ထိုသို့ ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သယံဇာတလျော့နည်းရသည့်အကြောင်းအရင်းများကို ဖော်ထုတ်၍ သယံဇာတ ဖြည့်တင်းရေးလုပ်ငန်း၊ သယံဇာတများ ထပ်မံလျော့နည်းမှုမရှိစေရေး ကာကွယ်တားမြစ်သည့်လုပ်ငန်းများကို မိမိနိုင်ငံရှိ ဥပဒေ လုပ်ထုံး/လုပ်နည်းများ၊ ပြည်နယ်/တိုင်းဒေသကြီးများ၏ ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ ဆောင်ရွက်ရပါမည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးရေးအဖွဲ့(SEAFDEC) ၏ (GuideLine) လမ်းညွှန်ချက်များ၊ FAO စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပြန်ထားသည့် ဆောင်ရွက်ရန်နည်းလမ်းများစသည်တို့နှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ရေချိုငါးသယံဇာတများသည် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ မြို့ပြနှင့်စိုက်ပျိုးမွေးမြူရေးဧရိယာများတိုးချဲ့ခြင်း၊ စက်မှုလုပ်ငန်းများ သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ဓာတုရုပ်ကြွင်းပါရေများကို စနစ်တကျစွန့်ပစ်မှုမရှိခြင်း၊ ဘက်ထရီရှော့ခ်တိုက်ခြင်း၊ အဆိပ်ချခြင်း၊ သတ်မှတ်ပိုက်ကွက်ဖြင့် ဖမ်းဆီးမှုမရှိခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများမဆင်မခြင်သုံးစွဲခြင်း၊ ငါးရစ်ငါးသန်ကာလမရှောင်ဖမ်းဆီးခြင်းတို့ကြောင့် ယခင်ကာလများထက် လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ လူသားတို့၏ မဆင်မခြင်လုပ်ဆောင်ခြင်း၊ မိမိတစ်ဦးတည်းအကျိုးစီးပွားကြည့်၍ ငါးဖမ်းဆီးခြင်းကြောင့် ဖြစ်ပွားရပါသည်။ ရေလုပ်ငန်းရှင်များအပါအဝင် မြန်မာနိုင်ငံသားအားလုံးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်ရှိရန် အရေးတကြီးလိုအပ်လျက်ရှိပါသည်။

**လယ်ကြားကန်များအတွင်း ငါးမွေးမြူခြင်း**

လေ့လာတွေ့ရှိချက်များအရ ဧရာဝတီတိုင်းဒေသကြီးသည် ရေချိုငါးလုပ်ငန်းအဖွံ့ဖြိုးဆုံး ဖြစ်သော်လည်း ငါးရံ့၊ ငါးကျည်း၊ ငါးခူထုတ်လုပ်မှုမှာ ပဲခူးတိုင်းဒေသကြီးကိုမမီပါ။ ပဲခူး၊ ကဝ၊ သနပ်ပင်၊ ဝေါ၊ ဒိုက်ဦး မြို့နယ်များအတွင်းရှိ လယ်သမားများသည် ၎င်းတို့၏လယ်မြေများအတွင်း တစ်ဧက၊ ဧကဝက်ခန့်ရှိ သုံးရေကန်များတူး၍ အဆိုပါ လယ်ကြားကန်များအတွင်းသို့ ငါးရံ့၊ ငါးပနော်၊ ငါးခေါင်းတို၊ ငါးပြေမ၊ ငါးကျည်း ပိဿာချိန် (၁၀၊ ၂၀၊ ၅၀၊ ၁၀၀) ထည့်သွင်းမွေးမြူထားကြပါသည်။ ကန်ပေါင်ပေါ်တွင် တဲထိုးနေထိုင်ကြပါသည်။ မိုးရာသီရေတက်ချိန်တွင် ကန်ပေါင်များဖြုတ်၍ ရေပင်လယ်ဖြစ်သွားပြီးချိန်တွင် ငါးများထွက်သွားကြပြီး မိတ်လိုက်သားပေါက်ကြပါသည်။ မိုးနှောင်းရာသီတွင် ကန်ကို ပြန်ပိတ်ထားကြပြီး နွေရာသီရေခန်းချိန်တွင် အဆိုပါကန်ငယ်လေးမှ ငွေကျပ်သိန်း ၂၀၊ ၂၅ ရရှိကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် လေ့လာခဲ့ရာ




မအူပင်ခရိုင်အတွင်းမှ ဖောဓိကွင်းနှင့် ညောင်တုန်းကျွန်း ရေနက်ကွင်းကြီးများ၏ တည်နေရာပြမြေပုံ။

> **ငါးတို့၏သဘာဝမှာ နေရာတစ်ခုတည်းတွင် နေထိုင်လေ့မရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ငါးအမတို့၏ဘဝတွင် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းကျက်စားကြပါသည်။ ၎င်းတို့မှာ မိတ်လိုက်ဥချသားပေါက်ရန်အတွက် ရွှေ့ပြောင်းကြခြင်း (Spawning Migration)၊ အစားအစာရှာဖွေရန်အတွက် ရွှေ့ပြောင်းကြခြင်း (Feeding Migration)၊ လူနှင့်အသားစားသတ္တဝါ (Predator) တို့ရန်မှ ကာကွယ်ရန်အတွက် လုံခြုံသည့်နေရာကိုရှာဖွေ၍ ရွှေ့ပြောင်းခြင်းစသည်ဖြင့် ရွှေ့ပြောင်းလေ့ရှိကြပါသည်**

လယ်သမားဦးသောင်းထွန်း၏ လယ်ကြားကန် ဧကဝက်တွင် တိုင်းရင်းငါးပိဿာချိန် ထောင်ကျော်အထိ ရရှိခဲ့သည်။ ပဲခူးတိုင်းဒေသကြီးရှိ ရေလုပ်သားများ၏ အဆိုအရ ကိုယ့်ကန်ထဲကထွက်သွားတဲ့ငါးဟာ အဖော်တွေပါခေါ်ပြီး အချိန်တန် ပြန်လာကြတယ်ဟု ဆိုပါသည်။ ဖမ်းဆီးခြင်းကိုအခြေခံ၍ မွေးမြူထုတ်လုပ်ခြင်း (Capture based culture)၏ အသီးအပွင့်ကို ခံစားရခြင်းဖြစ်ပါသည်။

**တိုင်းရင်းငါးမျိုးစိတ်များ ရှားပါးပျောက်ကွယ်လာ**

တိုင်းရင်းငါးမျိုးစိတ်များ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရေးအတွက် ငါးများ၏ အလေ့အထသဘာဝကို သိရှိနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလေ့လာခဲ့ကြောင်း သိရပါသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်သည် ဧရာဝတီမြစ်၊ တိုးမြစ်၊ ပန်းလှိုင်မြစ်၊ ပန်းတနော်မြစ်များကို အခြေခံ၍ မအူပင်ကျွန်း၊ သုံးခွကျွန်း၊ ဖောဓိကွင်း၊ မိုးကုတ်ဒီးဒုတ်ကွင်းစသည့် ရေကြီးကွင်း၊ ရေနက်ကွင်းများ တည်ရှိသောနေရာဖြစ်၍ သဘာဝအစားအစာပေါများပြီး ငါးများ လွတ်လပ်စွာပေါက်ပွားရှင်သန်ရာဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်ခန့်က ရေအောက်ရတနာမြေဖော်ထုတ်ရေးစီမံကိန်းဖြင့် ရေကြီးကွင်း၊ ရေနက်ကွင်း(Wetland) များကို တာပတ်ခြင်း၊ ငါးတက်လမ်းများကို ရေထိန်းတံခါးများ တပ်ဆင်၍ ပိတ်ခြင်းများကြောင့် ရေစီးရေလာမရှိတော့သဖြင့် ယင်းချောင်းများ တိမ်ကောလာခြင်းနှင့် တိုင်းရင်းငါးမျိုးစိတ်များ ရှားပါးပျောက်ကွယ်လာခြင်း၊ ငါးထုတ်လုပ်မှုကျဆင်းခြင်းများ ကြုံတွေ့လာရပါသည်။

ငါးတို့၏သဘာဝမှာ နေရာတစ်ခုတည်းတွင် နေထိုင်လေ့မရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ငါးအမတို့၏ဘဝတွင် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းကျက်စားကြပါသည်။ ၎င်းတို့မှာ မိတ်လိုက်ဥချသားပေါက်ရန်အတွက် ရွှေ့ပြောင်းကြခြင်း (Spawning Migration)၊ အစားအစာရှာဖွေရန်အတွက် ရွှေ့ပြောင်းကြခြင်း (Feeding Migration)၊ လူနှင့်အသားစားသတ္တဝါ (Predator) တို့ရန်မှ ကာကွယ်ရန်အတွက် လုံခြုံသည့်နေရာကိုရှာဖွေ၍ ရွှေ့ပြောင်းခြင်းစသည်ဖြင့် ရွှေ့ပြောင်းလေ့ရှိကြပါသည်။

**ငါးများ ဥချသားပေါက်ခြင်း**

မိုးဦးကျရာသီတွင် မြစ်များအတွင်းမှ ငါးများသည် ၎င်းတို့ ဥချသားပေါက်ရန် ရေကြီးကွင်း၊ ရေနက်ကွင်းများသို့ တက်ရောက်ကြပါသည်။ ငါးသားပေါက်များ ရှင်သန်နိုင်ရန်အတွက် ရေအနက် တစ်ပေ၊ တစ်ပေခွဲရှိသည့်နေရာများတွင် သားပေါက်လေ့ရှိကြပြီး ငါးအထီး၊ ငါးအမကြီးများ(Breeders) နှင့် သားပေါက်များ (Fry and Fingerling) စားသောက်ရန်အတွက် ငါးတို့၏ အစာကွင်းဆက်(Food Chain) တွင် အခြေခံဖြစ်သော အပင်မျှောလေး (Phyto–plankton)နှင့် အကောင်မျှောလေး (Zooplankton) များ ပေါများရာနေရာများတွင် သားပေါက်ကြသည်။ ညောင်တုန်းကျွန်းနှင့် ဖောဓိကွင်းရေနက်ကွင်း (Wet Land) များသည် ရေကြည်ခြင်း၊ ရေတိမ်ခြင်း၊ ခိုအောင်းရန် ကိုင်းပင်၊ မြက်ပင်များပေါများခြင်းနှင့် ငါးတို့၏အစာဖြစ်သောအပင်မျှောလေးနှင့် အကောင်မျှောလေးများ ပြည့်ဝစွာပေါက်ပွားခြင်းတို့ကြောင့် ဧရာဝတီမြစ်အတွင်းမှ ငါးများတက်ရောက်ပေါက်ပွားရာ နေရာဖြစ်သည်။ ထို့ပြင် ငါးကြင်းမျိုးစိတ်များ(Carp Species) များဖြစ်သော ငါးခေါင်းပွ၊ ငါးမြစ်ချင်း၊ ငါးကြင်းတို့သည် မြစ်အတွင်းရှိ သဲသောင်များတွင် ပေါက်ပွားပြီး အစာရှာဖွေရန်အတွက် ရေနက်ကွင်းအတွင်းသို့ ဝင်ရောက်နေထိုင်ကျက်စားကြပါသည်။ ၂၀၂၁ ခုနှစ် မိုးဦးကျ တိုင်းရင်းငါးများ သားပေါက်ရာသီချိန် မေလနှင့် ဇွန်လတို့တွင် ငါးတက်လမ်းများကို ရေထိန်းတံခါးများဖြင့် ပိတ်ဆို့ထားမှုကို ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရေထိန်းတံခါးများဖွင့်သည့်အကျိုးကျေးဇူးများ**

ငါးတက်လမ်းများအတွက် ရေထိန်းတံခါးများ ဖွင့်လှစ်ပေးခဲ့သည့်အချိန် (မေလ၊ ဇွန်လ) တို့သည် မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် ရေအနည်းဆုံးကာလဖြစ်ပြီး ရေကျနောက်စိုက်စပါး၊ မရင်းစပါး၊ နွေစပါးအားလုံး ရိတ်သိမ်းပြီးချိန်ဖြစ်ပါသည်။ မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသောကွင်းရေများ ပုပ်သိုးခြင်း၊ မိုးနှင့်အတူ မြက်များပေါက်လာခြင်း ဖြစ်လေ့ရှိသော်လည်း ယခုနှစ်ဦးတွင် ရေထိန်းတံခါးများ ဖွင့်လှစ်ခြင်းကြောင့် မြစ်ရေဝင်ရောက်လာသဖြင့် ရေပုပ်သိုးမှု မရှိတော့ဘဲ ရေများသန့်သွားသဖြင့် ရေနေသတ္တဝါများအတွက် အကျိုးများခြင်း၊ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောရေကို သုံးစွဲနိုင်ခြင်း၊ မိုးရာသီတွင် ပေါင်းမြက်များသေကြသဖြင့် တောင်သူများအတွက်

*စာမျက်နှာ ၁၇ သို့*

## ဂွမြို့၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပညာပေးဟောပြောခြင်းနှင့် စာအုပ်/ဓာတ်ပုံပြပွဲပြုလုပ်

ဂွ အောက်တိုဘာ ၁၉

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ကျောင်းသားကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရေးအတွက် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်သိကောင်းစရာ အသိပညာပေးဟောပြောခြင်းနှင့် စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ ပြသခြင်းကို အောက်တိုဘာ ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကို အသိပညာပေး ရှင်းလင်းဟောပြောပြီးနောက် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးမှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသခဲ့ရာ ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



## ကချင်ပြည်နယ်အတွင်း မဲစာရင်းများစိစစ်ခြင်းနှင့် မဲရုံလျာထားသတ်မှတ်ခြင်းဆိုင်ရာများဆွေးနွေး

မြစ်ကြီးနား အောက်တိုဘာ ၁၉

လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် မဲစာရင်းများစိစစ်ခြင်း၊ မဲရုံတည်နေရာများ လျာထားသတ်မှတ်ခြင်းအပါအဝင် ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်သည့် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၈ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင်က နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် အမှတ်(၁)နှင့် အမှတ်(၅)သည် ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်ကြောင်း၊ အမှတ်စဉ်(၁)ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရန်အတွက် မဲပေးရာတွင် ပြည့်စုံရမည့် နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ ကတ်တစ်မျိုးမျိုးနှင့် အိမ်ထောင်စုဇယားပုံစံ (၆၆/၆) များ ရှိရမည်ဖြစ်ကြောင်း၊ အသက် ၁၈ နှစ်ပြည့်၍ မှတ်ပုံတင်ရှိသူများဖြစ်ပြီး မိမိနေထိုင်ရာ ဒေသမဲစာရင်းတွင် ပါဝင်မှသာ မဲပေးနိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် တာဝန်ယူရမည့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှသာ မဲစာရင်းမှန်ကန်မည်ဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်မှသာ မဲရုံလျာထားဆောင်ရွက်မှု မှန်ကန်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်က ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် မဲစာရင်းများစိစစ်ခြင်း၊ မဲရုံတည်နေရာများ လျာထားသတ်မှတ်ခြင်းနှင့် မဲရုံသုံးပစ္စည်း လိုအပ်ချက်များ ခန့်မှန်းတွက်ချက်ခြင်းတို့နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှုအပေါ် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးမျိုးမင်းဦးက အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်း မှန်ကန်ရေးစိစစ်ခြင်း၊ မဲရုံများလျာထားသတ်မှတ်ခြင်းနှင့် မဲရုံသုံးပစ္စည်းများ လျာထားခြင်းဆိုင်ရာများကို တင်ပြဆွေးနွေးပြီး ပြည်နယ်/ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာများက ရွေးကောက်ပွဲဆိုင်ရာ အကြိုပြင်ဆင်မှုကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

မြက်ရှင်းစရိတ်သက်သာခြင်း၊ မြစ်ရေဖြင့် နုန်းတင်မြေနုများ ပါဝင်လာသဖြင့် သဘာဝအစာရရှိခြင်းစသည်ဖြင့် စိုက်ပျိုးရေးအတွက် အကျိုးကျေးဇူးများရရှိကြောင်း တွေ့ရှိရပါသည်။

မအူပင်ခရိုင်သည် ဧရာဝတီမြစ်၏ ရေချိုရေပြင် နောက်ဆုံးနေရာဖြစ်ပြီး ရေချိုနှင့် ရေချိုရေငန်၏ ထိစပ်နေရာဖြစ်သဖြင့် ဧရာဝတီမြစ်အတွင်းမှ ငါးများ မိတ်လိုက်ဥချ ပေါက်ပွားရှင်သန်နေထိုင်ရာ ညောင်တုန်းကျွန်းနှင့် ဖောဓိကွင်းကဲ့သို့ ဧကတစ်သိန်းခန့်စီရှိသော ရေနက်ကွင်း (Wet Land) ကြီးများ တည်ရှိရာနေရာဖြစ်သည်။ အဆိုပါရေတိမ်ဒေသကြီးများတွင် နှစ်ပေါင်း ၂၀ ကြာ ပိတ်ထားသော ရေထိန်းတံခါးကြီးများကို၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ပေးမှုကြောင့် ယခင်က ညောင်တုန်းကျွန်းနှင့်ဖောဓိကွင်းအတွင်း ငါးခူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးရံ့၊ ငါးရံ့ခေါင်းတို၊ ငါးရံ့ပနော်၊ ဂျပန်ငါး၊ ငါးဖျင်းသလက်စသည့် ကွင်းအတွင်းနေထိုင်သည့် ငါးမျိုးစိတ်များနှင့် ငါးဘဲဖြူ၊ ငါးမောတော့၊ ငါးခုံးမစသည့် ငါးမျိုးစိတ် ၁၃ မျိုးခန့်သာ တွေ့ရှိနေရာမှ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများတွင် ပြန်လည်လေ့လာခဲ့ရာ မူလရှိသည့် ငါးမျိုးစိတ် ၁၃ မျိုးအပြင် အသစ်ထပ်မံတိုးပွားလာသော ငါးမျိုးစိတ် ၃၁ ခု စုစုပေါင်း ၄၂ မျိုးအထိ ရှိလာကြောင်း ဒေသခံရေလုပ်သားအဖွဲ့အစည်းများ၏ ပြောပြချက်အရ သိရသည်။ ထိုသို့ဆောင်ရွက်ရခြင်းကြောင့် ငါးထုတ်လုပ်ရန်အတွက် ငါးကန်တူးဖော်ရခြင်း၊ အစာကျွေးရခြင်းစသည့် ကုန်ကျစရိတ် မကုန်စေဘဲ သဘာဝရေ၊ သဘာဝငါးစာဖြင့် သဘာဝသယံဇာတကို အပြည့်အဝအကျိုးရှိရှိအသုံးချ၍ ငါးရိက္ခာဖူလုံစေရေး (Food Security)အတွက် အထောက်အကူပြုသည့်အပြင် တိုင်းရင်းငါးမျိုးစိတ်များ ရေရှည်တည်တံ့စေနိုင်မည်ဖြစ်ပါသည်။

### ငါးမျိုးများထိန်းသိမ်းရာတွင်

မြန်မာ့မျိုးရင်းငါးသယံဇာတများ ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် တိုင်းရင်းငါးမျိုးများ၊ ရှားပါးငါးမျိုးစိတ်များအပြင် ဒေသတွင်းငါးမျိုးစိတ်များကို ထိန်းသိမ်းကြရန် လိုအပ်လျက်ရှိပါသည်။ ထိန်းသိမ်းကြရာတွင် အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည်။

- ဒေသအလိုက် ငါးအမျိုးအစားများကို မှတ်တမ်းတင်ခြင်း၊
- မျိုးသုဉ်းရှားပါးသတ္တဝါများ ဖြစ်ပါက သက်ဆိုင်ရာဌာနမှ ရုံးအမိန့်ထုတ်ပြန်၍ ကာကွယ်ထိန်းသိမ်းခြင်း၊
- ငါးမျိုးစိတ်အသစ်များတွေ့ရှိပါက အမျိုးအစားခွဲသတ်မှတ်နိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊
- စီးပွားဖြစ် တိုင်းရင်းငါးမျိုးစိတ်များကို ရွေးချယ်၍ သုတေသနပြု သားပေါက်ထုတ်လုပ်ဖြန့်ဖြူးခြင်း။

ရေချိုငါးလုပ်ငန်းရေပြင်များသည် သဘာဝအရင်းအမြစ်များဖြစ်၍ အင်းချောင်းများကို အင်းဂရန်ကိုင်များက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်မရရှိဘဲ ရေစီးရေလာနှင့် ငါးလာလမ်းပိတ်ဆို့ခြင်း၊ ရေထုထည် ရေလမ်းကြောင်းပြောင်းလဲခြင်း၊ ငါးနေငါးထိုင်တောများ ခုတ်ထွင်ခြင်း၊ ရေလမ်းကြောင်းပြောင်းလဲခြင်း၊ ရေထုညစ်ညမ်းအောင်ပြုလုပ်ခြင်းများ မပြုလုပ်ရန် ဥပဒေဖြင့် တားဆီး၍ ဥပဒေဖောက်ဖျက် ကျူးလွန်သူများကို ထိရောက်စွာ အရေးယူသွားရန် ဖြစ်ပါသည်။

တရားမဝင် ငါးဖမ်းဆီးခြင်းများ၊ ဥပဒေဖောက်ဖျက်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ကာ ငါး၊ ပုစွန်သယံဇာတအခြေအနေနှင့် ထုတ်ယူသုံးစွဲရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ရေလုပ်သားများအား ကျေးရွာအရောက် ငါးသယံဇာတထိန်းသိမ်းရေးပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ဂျာနယ်များဝေငှခြင်း၊ ပညာပေး Video များပြသခြင်း၊ CDချပ်များ၊ Video ခွေများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးရင်း တိုင်းရင်းငါးမျိုးများ မပပျောက်အောင် ထိန်းသိမ်းရေးအတွက် ပါဝင်ဆောင်ရွက်သွားရန် တိုက်တွန်းရေးသား ဖော်ပြအပ်ပါသည်။ ။



နှစ်ပေါင်း ၂၀ ကြာ ပိတ်ထားခဲ့သော ဖောဓိကွင်းရေထိန်းတံခါးကို ၂၀၂၁ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ပြီးနောက် တွေ့ရစဉ်။

**“ရေတိမ်ဒေသကြီးများတွင် နှစ်ပေါင်း ၂၀ ကြာ ပိတ်ထားသော ရေထိန်းတံခါးကြီးများကို ၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ပေးမှုကြောင့် ယခင်က ညောင်တုန်းကျွန်းနှင့် ဖောဓိကွင်းအတွင်း ငါးခူ၊ ငါးကျည်း၊ ငါးပြေမ၊ ငါးရံ့၊ ငါးရံ့ခေါင်းတို၊ ငါးရံ့ပနော်၊ ဂျပန်ငါး၊ ငါးဖျင်းသလက်စသည့် ကွင်းအတွင်းနေထိုင်သည့် ငါးမျိုးစိတ်များနှင့် ငါးဘဲဖြူ၊ ငါးမောတော့၊ ငါးခုံးမစသည့် ငါးမျိုးစိတ် ၁၃ မျိုးခန့်သာ တွေ့ရှိနေရာမှ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လများတွင် ပြန်လည်လေ့လာခဲ့ရာ မူလရှိသည့် ငါးမျိုးစိတ် ၁၃ မျိုးအပြင် အသစ်ထပ်မံတိုးပွားလာသော ငါးမျိုးစိတ် ၃၁ ခု စုစုပေါင်း ၄၂ မျိုးအထိ ရှိလာကြောင်း သိရသည်”**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၉

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် လက်ပံပြန့်ကျေးရွာနေ မြတ်နိုးအောင်သည် ၎င်းအသုံးပြုသည့် “Myat Noe Aung” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ သန့်စင်ခန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၁၉**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာ လမ်းဆုံတွင် ခရီးသည်တင် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ၊ အိန္ဒိယနိုင်ငံထုတ် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် ဆေးဝါးများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၇၀၄၉၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် YUTON အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၅၇၀၄၉၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းဆုံ အနီးတွင် Nissan Murano အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လှည်းကူးမြို့နယ် စံပြကျေးရွာ အရှေ့ဘက် တစ်မိုင်ခန့်အကွာ လယ်ကွင်းစပ်တွင် တရားမဝင် ကျွန်းသစ်လုံး ၁ ဒသမ ၁၂၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်း တန်ဖိုး ငွေကျပ် ၅၀၅၂၀၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်မြို့နယ် ပိတောက်ပင် ကျေးရွာအုပ်စု မြောက်ဘက်ကြီးတိုင်း-ညောင်ဇစ်ကျေးရွာသွားကားလမ်းအနီးတွင် တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ ၁ ဒသမ ၅၈၀၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၅၆၇၆)ကို ဖမ်းဆီး ရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ပုသိမ်မြို့နယ် အတွင်း တရားမဝင် တောင်သရက်ခွဲသား ၇ ဒသမ ၅၇၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၉၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဖျာပုံမြို့နယ်အတွင်း Toyota Succeed အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၅၂၉၉၀၀)ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် အလှကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် အခြား လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်း တန်ဖိုး ငွေကျပ် ၇၆၄၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JIN BEI Mini Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၆၄၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အောက်တိုဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်း မရှိသည့် လျှပ်စစ်ဒယ်အိုး ၂၃၂ လုံး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၈၈၀၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၈၈၈၀၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သန့်စင်ခန်းသုံးပစ္စည်းများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် များအတွင်း တရားမဝင် သစ်မျိုးစုံ ၂၃ ဒသမ ၄၃၉၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၈၇၃၁၀) ကို ဖမ်းဆီး ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၁၈၀၂၈၄၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့၌ တောဆင်ရိုင်းများ စပါးစိုက်ခင်းနှင့် လယ်စောင့်တဲ ဝင်ရောက်ဖျက်ဆီး

**တပ်ကုန်း အောက်တိုဘာ ၁၉**
ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သံပုရာကုန်း ကျေးရွာအုပ်စု သဲချောင်းကျေးရွာ၏ တောင်ဘက်တစ်မိုင်ခွဲခန့်တွင် အောက်တိုဘာ ၁၈ ရက် ည ၁၀ နာရီခန့်က ပဲခူးရိုးမဘက်မှ တောဆင်ရိုင်း ၁၀ ကောင်ခန့် ဝင်ရောက်လာခဲ့ပြီး သံပုရာကုန်းကျေးရွာနေ ဦးတင်ဝင်း ပိုင်ဆိုင်သော မိုးစပါးစိုက်ခင်း နှစ်ဧကကို ဝင်ရောက်စားသောက်ဖျက်ဆီး၍ လည်းကောင်း၊ ဦးမန်းစိန်၏ လယ်စောင့်တဲကိုလည်းကောင်း ဖျက်ဆီးသွားခဲ့ပြီး ယနေ့နံနက် ၄ နာရီခန့်က ဝက်မြတ်ရိုး (ဒေသခေါ်)အတွင်းသို့ ဝင်ရောက်သွားကြောင်း သိရသည်။

အဆိုပါတောဆင်ရိုင်းများသည် နှစ်စဉ် မိုးစပါးဖြိုင်ဖြိုင်ပေါ်ထွက်ချိန်တွင် ပဲခူးရိုးမဘက်မှ တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စုအတွင်းရှိ စပါးစိုက်ခင်းများကို ညဘက်ဝင်ရောက်စားသောက်လေ့ရှိပြီး နံနက်အရုဏ်တက်ချိန်တွင် ဝက်မြတ်ရိုးအတွင်းသို့ ဝင်ရောက်ပုန်းခိုသွားလေ့ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောပြချက်အရ သိရသည်။

တင်စိုးလွင်

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 တွင် ရေအောက်ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းများအား Pipeline Installation Vessel “TIMAS 1201DP2 HEAVY LIFT” ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point ZWP12 P/F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂.၇၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃.၅၈၆ စက္ကန့်၊ Point ZWP13 P/F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၀၇.၈၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၂၂.၇၆၅ စက္ကန့်၊ Point ZWP14 P/F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄.၃၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅.၄၁၀ စက္ကန့်၊ Point ZWP15 P/F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၇.၀၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၂.၉၅၄ စက္ကန့် တို့အတွင်းတွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ M–9 တွင် ရေအောက်ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းများအား Pipeline Installation Vessel “TIMAS 1201DP2 HEAVY LIFT” ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတွင်းတူးဖော်မည့်တည်နေရာများမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 တွင် Development Construction Project အတွက် ရေအောက်ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းများအား Derrick Crane/Accommodation Work Barge “HUA TIAN LONG DP2 4,000T” ဖြင့် ဆောင်ရွက်သွားမည့်တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point ZWP12 P/F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂.၇၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃.၅၈၆ စက္ကန့်၊ Point ZWP13 P/F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၀၇.၈၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၂၂.၇၆၅ စက္ကန့်၊ Point ZWP14 P/F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄.၃၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅.၄၁၀ စက္ကန့်၊ Point ZWP15 P/F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၇.၀၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၂.၉၅၄ စက္ကန့်တို့ အတွင်းတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊M–9 တွင် Development Construction Project အတွက် ရေအောက်ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းများအား Derrick Crane/Accommodation Work Barge “HUA TIAN LONG DP2 4,000T” ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ သတင်းစဉ်

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**တောင်ကြီး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Peace Myanmar Group (PMG) ကုမ္ပဏီလီမိတက်မှ အာမခံအလုပ်သမား ဦးမျိုးဇော်ဦး၏ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်များကို အောက်တိုဘာ ၁၈ ရက်က တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံးခန်းမ၌ ပေးအပ်သည်။

အကျိုးခံစားခွင့်ပေးအပ်ရာတွင် ပြည်နယ်လူမှုဖူလုံရေးရုံး ပြည်နယ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန္တာဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အာမခံအလုပ်သမား ဦးမျိုးဇော်ဦး၏ဇနီးအား ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၈၂၅၀၀၀၀ ကို မိတ်ဖက်ဌာနများ၊ အလုပ်ရှင်/ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ပေးအပ်ခဲ့သည်။

တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာနစုစုပေါင်း ၇၅၄ ဌာနရှိပြီး အာမခံအလုပ်သမားပေါင်း ၉၁၈၃ ဦးရှိကြောင်း သိရသည်။ ကိုယ်ပွား(တောင်ကြီး)

## ပွင့်ဖြူမြို့နယ်၌ ကမ်းပြိုဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ပွင့်ဖြူ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် လူနေအိမ်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည့် ကမ်းပြိုဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်သည်။

ထောက်ပံ့ငွေများ ပေးအပ်ရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ဒေသခံပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်သတင်းပေးပို့၍ လိုအပ်သော အကူအညီများ ရယူဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် မင်းဘူးခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည့် ဇီးကျွန်းကျေးရွာ၊ ကျောင်းစုကျေးရွာ၊ ထူးကျေးရွာနှင့် ငှက်တောကုန်းကျေးရွာတို့မှ အိမ်ထောင်စု ၂၀ အတွက် အိမ်ထောင်စုတစ်စုလျှင် အိမ်ပြောင်းရွှေ့စရိတ် ငွေကျပ်တစ်သိန်းနှုန်းနှင့် ကမ်းပြိုဘေးသင့် အိမ်ထောင်စုဝင် ၈၄ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၁၇၆၄၀၀ တို့ကို ကျေးရွာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## ပဲခူးတိုင်းဒေသကြီး သတင်းမှန်ပြန်ကြားရေးကော်မတီ ပထမအကြိမ် ညှိနှိုင်းဆွေးနွေး

**ပဲခူး အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သတင်းမှန်ပြန်ကြားရေးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းဝေးကို အောက်တိုဘာ ၁၈ ရက်က ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သတင်းမှန်ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက“မီဒီယာကဏ္ဍသည် နိုင်ငံတော်အခန်းကဏ္ဍတွင် စတုတ္ထမဏ္ဍိုင်ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့် ပြည်သူများ သတင်းအမှန်သိရှိစေရန် အရှိကိုအရှိအတိုင်း အစွဲအလမ်းကင်းစွာဖြင့် ထုတ်ပြန်ပေးကြရန် လိုကြောင်း၊ ယနေ့အချိန်ကာလသည် ပြည်သူများ သတင်းအမှန်သိရှိရန် လိုအပ်သဖြင့် တက်ရောက်လာသော သတင်းမီဒီယာသမားများက ပြည်သူများ သတင်းအမှန်သိရှိရေးအတွက် မိမိတို့သက်ဆိုင်ရာ ဂျာနယ်၊ စာစောင်၊ Social Media များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူများအပေါ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ပြည်သူများထံသို့ မှန်မှန်ကန်ကန် အသိပေးကြရန် တိုက်တွန်းပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများ၊ လစဉ်ထုတ်ဝေလျက်ရှိသောဂျာနယ် အယ်ဒီတာချုပ်များက မိမိတို့၏ လုပ်ငန်းများ လုပ်ဆောင်နေမှုများကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ ပဲခူးမြို့ပေါ်၌ လက်ရှိ ခေတ်ပုံရိပ်ဂျာနယ်နှင့် လူထုရင်ဖွင့်သံဂျာနယ်တို့သည် တစ်လလျှင် နှစ်ကြိမ်ထုတ်ဝေလျက်ရှိကြောင်း သိရသည်။ ကိုတွတ်(ပြန်/ဆက်)

## လားရှိုးမြို့နယ် သံလွင်စံပြကျေးရွာမှ ကိုးကန့်တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**လားရှိုး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် သံလွင်စံပြကျေးရွာမှ ကိုးကန့် တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို လားရှိုးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ် ဦးစီးမှူးရုံး သစ္စာခန်းမ၌ အောက်တိုဘာ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ခရိုင်/ဒေသဦးစီးမှူးရုံး ကိုးရုံး၊ မြို့နယ် ၂၃ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ကိုင်ဆောင်လက်မှတ်များ စဉ်ဆက်မပြတ် ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မိုးပွင့်စီမံချက်ဖြင့် နိုင်ငံသားကတ်ပေါင်း ၂၉၂၂၆၄ ကတ်၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ သစ္စာစီမံချက်ဖြင့် နိုင်ငံသားကတ်ပေါင်း ၂၇၃၃၁၅ ကတ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ပန်းခင်းစီမံချက်ကို မေ ၃ ရက်မှ ဩဂုတ် ၂၅ ရက်အထိ နိုင်ငံတော်အဆင့်စီမံချက်အနေဖြင့် ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၆၀၁၃၁ ကတ်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါစီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဆောင်ရွက်နိုင်သူများ၊ ဥပဒေအရ စိစစ်ရမည့် နိုင်ငံသားများ၊ သတ်မှတ်ကာလ အသက်အပိုင်းအခြားပြည့်မီလာသူများ ရှိသည့်အတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများမှာ အနည်းငယ်ကျန်ရှိပါကြောင်း၊ ပန်းခင်းစီမံချက်အဆင့်(၂)အနေဖြင့် ဩဂုတ် ၁ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၁၈ လတာ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံသားများအားလုံး၏အကျိုးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ကြပါရန် ပြောကြားသည်။




ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြင့်နိုင်၊ လားရှိုးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သံလွင်စံပြကျေးရွာအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာကိုယ်စားလှယ်များထံ ပေးအပ်ခဲ့သည်။

စိုင်းအောင်ကျော်စိုး



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံပရိယတ္တိ စာသင်တိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အဘယာရာမ ပရိယတ္တိစာသင်တိုက် **(အပေါ်ပုံ)**၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဟာဓမ္မိကာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဓမ္မဇေယျာကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ရတနာမဏ္ဍိုင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ခေါင်းရင်းတော်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာရန်အောင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီး (မြောက်) ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ရွှေတောင်တန်းပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ သီရိမင်္ဂလာပျော်ဘွယ်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကဝမြို့နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ကဝ အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကဝမြို့နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကဝမြို့နယ် သပြုစံပြကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအတွင်း၌ ဒယ်အိုးအမျိုးမျိုး၊ စက်လှေပန်ကာအမျိုးမျိုး၊ ငရုတ်ဆုံနှင့် ဆိုင်ကယ်အပိုပစ္စည်းအမျိုးမျိုး သတ္တုအရည်ကျိုပုံလောင်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သပြုစံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ သတ္တုအရည်ကျို ပုံလောင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်အဆင့်မှ ဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းသုံး ပါဝါမီတာ ရရှိရေး၊ စက်ရုံများအတွက် အချိန်ပြည့် လျှပ်စစ်မီးရရှိရေး၊ လိုအပ်ပါက ထရန်စဖော်မာ တပ်ဆင်နိုင်ရေး၊ ဆိုလာစနစ်ဖြင့် ရေချိုတွင်းနက် တူးဖော်ပေးနိုင်ရေး၊ ကုန်ကြမ်းများ ရရှိရေးနှင့် ကျေးရွာအနီး MSME လုပ်ငန်းများအတွက် သီးခြားမြေနေရာ သတ်မှတ်ပေးနိုင်ရေးတို့ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် သပြုစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းတည်ငြိမ်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ပျက်စီးနေသည့် စာသင်ဆောင်အဟောင်းများ ပြန်လည်ပြင်ဆင်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးကာ ကလေးကစားကွင်းတစ်ခု၊ အားကစားပစ္စည်းများနှင့် သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ရောက်ရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များနှင့် တွေ့ဆုံကာ မြို့နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး မှာကြားသည်။

ထို့နောက် ကဝမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်၍ (၂၅) ခုတင်ဆံ့ နှစ်ထပ်ဆေးရုံကြီး တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။

ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး မြို့နယ်တစ်မြို့နယ် ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရေးနှင့် ထုပ်ပိုးမှုပါကင်စနစ်များ အဆင့်မြင့်ကောင်းမွန်စေရေး ဆောင်ရွက်ရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၅ | ၁၉၈၀ | ၁၉၇၅ | ၁၉၄၀ | ၁၉၈၀ | ၂၀၀၀ | ၁၉၈၅ | ၁၉၆၅ | ၂၀၆၀ | ၂၀၇၅ | ၁၉၇၀ | ၁၉၈၀ | ၂၀၁၅ | ၂၀၁၅ | ၂၀၁၅ | ၂၂၃၅ | ၂၇၇၀ |
| 95 Ron | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၂၅ | ၂၁၄၀ | ၂၀၄၀ | ၂၀၅၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၈၅ | ၂၃၀၅ | ၂၈၅၅ |
| HSD (500 ppm) | ၂၆၀၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၅ | ၂၆၉၅ | ၂၉၁၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၆၈၅ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၃၀ | ၂၇၅၅ | ၂၇၅၀ | ၂၇၁၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၅ | ၂၇၃၅ | ၂၇၆၅ | ၂၇၇၀ | ၂၇၇၀ | ၂၉၉၀ | ၃၅၂၀ |
| HSD (10 ppm) | ၂၆၈၅ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၃၀ | ၂၇၅၅ | ၂၇၅၀ | ၂၇၁၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၅ | ၂၇၃၅ | ၂၇၆၅ | ၂၇၇၀ | ၂၇၇၀ | ၂၉၉၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၃၇ | ၁၉၀၇ |
| 95 Ron | ၁၉၀၃ | ၁၉၇၅ |
| HSD (500 ppm) | ၂၄၉၆ | ၂၅၇၅ |
| HSD (50 ppm) | ၂၅၆၇ | ၂၆၄၈ |
| HSD (10 ppm) | ၂၅၆၇ | ၂၆၄၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/17942 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/76131 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးငွေ ၉/ပမန(နိုင်) ၁၉၁၉၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

